https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

# ကျောင်းသားလူငယ် ပြဿနာများ

လူ့လောကသမိုင်းဖြစ်စဉ်မှာ လူငယ်တွေဟာ လူကြီးတွေကို
ကျော်လွန်တိုးတက်သွားကြရမယ်။
ဒါဟာ သဘာဝဖြစ်ပါတယ်။
သို့မှသာလျှင် တိုးတက်မှုဆိုတာ ရှိနိုင်ပါတယ်။
သို့သော် သမိုင်းဖြစ်စဉ်က တိုးတက်ရမယ်လို့ ပြဋ္ဌာန်းထားရုံနှင့်
လူငယ်တွေက ဘာမှမလုပ်ဘဲ၊ ဘယ်လိုမှ အားမထုတ်ဘဲ
လူကြီးတွေကို ကျော်လွန်သွားလိမ့်မည်တော့ မဟုတ်ဘူးဗျ။

ယနေ့ကျောင်းသားလူငယ်များနှင့်
- ပညာရေး
- နိုင်ငံရေး
- ဝါဒရေး
- သဘောတရားရေး

http://myanmarebooksfree.blogspot.com/

သိန်းဖေမြင့်

# ကျောင်းသားလူငယ် ပြဿနာများ

သမိုင်းကြောင်းနှင့်
ပတ်ဝန်းကျင်နှင့်
ပြည်သူများနှင့်
ကျောင်းသားလူငယ်များ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://myanmarebooksfree.blogspot.com/

ပုဂံစာအုပ် အမှတ် ၄၄၈

# ကျောင်းသားလူငယ်ပြဿနာများ

သိန်းဖေမြင့်

ပုဂံစာအုပ်တိုက်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

# ကျောင်းသားလူငယ်ပြဿနာများ

## သိန်းဖေမြင့်

ပုံနှိပ်ခြင်း ◆ ပထမအကြိမ်၊ ၂၀၁၂၊ ဒီဇင်ဘာ
အုပ်ရေ ◆ ၁၀၀၀
တန်ဖိုး ◆ ၅၀၀ ကျပ်

ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်ခိုင်ခိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း - ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

၀၀၈.၈၅
သိန်းဖေမြင့်
ကျောင်းသားလူငယ်ပြဿနာများ/သိန်းဖေမြင့်။ - ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၂၀၁၂။
၄၇ - စာ၊ ၁၂ × ၁၈ စင်တီ
(၁) ကျောင်းသားလူငယ်ပြဿနာများ

http://myanmarebooksfree.blogspot.com/

## ကျောင်းသားလူငယ်များ၏အချိန်

ယခုအချိန်၊ ယခုရာသီ၊ ယခု ၂ လဟာ ကျောင်းသားလူငယ်များရဲ့အချိန် ဖြစ်တယ်ဗျ။

မကြာမီ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်တဲ့ ကျောင်းသားလူငယ်ပွဲတော်ကို ရန်ကုန်မြို့မှာ ကျင်းပကြတော့မယ်။ ဒီဇင်ဘာလဆန်းသည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များ၊ ကောလိပ်များရဲ့ မိခင် ရန်ကုန်တက္ကသိုလ်တည်ထောင်ခဲ့ခြင်း အနှစ် ၅၀ မြောက် အထိမ်းအမှတ်ပွဲ တက္ကသိုလ်ရွှေရတုသဘင်ပွဲကို ကျင်းပကြလိမ့်မည် ဖြစ်တယ်။

ပြီးတော့ ဒီဇင်ဘာလဟာ အားကစားနှင့် ကာယပညာလ ဖြစ်တယ်မဟုတ်လား။

အားကစားနှင့် ကာယပညာလှုပ်ရှားမှုဟာ လူကြီးများကို ခြွင်းချန်မထားသော်လည်း အဓိကအားဖြင့် ကျောင်းသား လူငယ်များရဲ့ လှုပ်ရှားမှုပဲ မဟုတ်ပါလား။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဒါကြောင့် ကျွန်တော်က ယခုအချိန်၊ ယခုရာသီ၊ ယခုလများကို ကျောင်းသားလူငယ်တို့ရဲ့အချိန်လို့ ခေါ်လိုက်ရခြင်းပါ။

ကျောင်းသားလူငယ်တို့ဟာ ထိုထိုသောပွဲတွေအတွက် ပြင်ဆင်နေကြတယ်။ လေ့ကျင့်နေကြတယ်။ ဓာတ်တိုက်နေကြတယ်။ ကြိုးဆိုနေကြတယ်။ ဒီလှုပ်ရှားမှုဟာ တကယ်တက်ကြွနိုးကြားတဲ့ လှုပ်ရှားမှုဖြစ်တယ်။ ဒီလှုပ်ရှားမှုဟာ ကျောင်းသားလူငယ်ထုတစ်ရပ်လုံး အုံကြွပါဝင်တဲ့ လှုပ်ရှားမှုဖြစ်တယ်။

ကျောင်းသားလူငယ်ထုတစ်ရပ်လုံးရဲ့လှုပ်ရှားမှုဟာ လူကြီးများကို ဂယက်ရိုက်နေပါတယ်။ ဒီလှုပ်ရှားမှုရဲ့အရှိန်ဟာ လူကြီးများကို ဆွဲလှုပ်နေပါတယ်။ ကျောင်းသားလူငယ်တို့ရဲ့ တက်ကြွနိုးကြားမှုဟာ လူကြီးများကို ကူးစက်နေပါတယ်။ ကျောင်းသားလူငယ်ထု လှုပ်ရှားမှုရဲ့အရှိန်ကို မတုံ့ပြန်တဲ့လူကြီးဟာ အသက်ရှင်လျက်သေနေသော လူကြီးသာဖြစ်ပါလိမ့်မယ်။

လူကြီးတွေဟာ ကျောင်းသားလူငယ်ပွဲတော်နှင့် တက္ကသိုလ်ရွှေရတုသဘင်ပွဲတော် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီနေကြတယ်။ ခေါင်းဆောင်မှုပေးနေကြတယ်။ ကျရာတာဝန်ကို ထမ်းဆောင်နေကြတယ်။ ထောက်ခံအားပေးနေကြတယ်။ ကြိုဆိုနေကြတယ်။

လူငယ်ကျောင်းသားထုရဲ့ စိတ်အားထက်သန်မှုဟာ လူကြီးများရဲ့ စိတ်အားထက်သန်မှုဖြစ်လာတယ်။ လူငယ်ကျောင်းသားထုရဲ့ တက်ကြွမှုဟာ လူကြီးများရဲ့တက်ကြွမှု ဖြစ်လာတယ်။

ကျွန်တော်ဟာ အသက်ရှင်နေသော်လည်း သေနေသော လူကြီးတစ်ယောက်မဟုတ်ပါဘူး။ ကျွန်တော်ဟာ တစ်ကောင်ကြွက်ဖြစ်နေသော သားစဉ်မြေးဆက်ပြတ်နေသော မြုံနေသောလူကြီးတစ်ယောက်လဲ



မဟုတ်ပါဘူး။ ဒါ့ကြောင့် ကျောင်းသားလူငယ်တို့ရဲ့အချိန်ဟာ ကျွန်တော့်အချိန်ဖြစ်နေပါတယ်။ ကျောင်းသားလူငယ်တို့ရဲ့ စိတ်အားထက်သန်မှုဟာ ကျွန်တော့်စိတ်အားထက်သန်မှုဖြစ်နေပါတယ်။ ကျောင်းသားလူငယ်တို့ရဲ့တက်ကြွမှုဟာ ကျွန်တော့်တက်ကြွမှုဖြစ်နေတယ်။ ကျွန်တော့်အငယ်ဆုံးသားဟာ ဒီနှစ်အတွင်းမှာ အရပ် သုံးလက်မခန့် တက်တယ်။ ကျွန်တော့်အရပ်ကို မီလုမီချင်ဖြစ်နေပြီ။ ကျွန်တော့်အရပ်ကတော့ မတက်တော့တာ ကြာလှပြီ။ သူက ကျွန်တော်နှင့် ပခုံးချင်းလာယှဉ်တဲ့အခါ ကျွန်တော့်မှာ ပျော်လို့မဆုံး၊ မကြာခင် မင်းက ငါ့ကို ကျော်တော့မှာ ပါပဲကွာ စသည်ဖြင့် ချီးကျူးလို့မဆုံး။ ယခု အဲဒီသားက ကျောင်းသားလူငယ်ပွဲတော်မှာ အလံကိုင်အဖွဲ့ဝင်အဖြစ်ဖြင့် အရွေးခံရလို့ သိပ်ပျော်နေတယ်၊ သိပ်ဂုဏ်ယူနေတယ်၊ သိပ်တက်ကြွနေတယ်။ မနက် ၄ နာရီခွဲက ထပြီး လေ့ကျင့်ရေးဆိုင်ရာတာဝန်အရပ်ရပ် လုပ်နေရတယ်။ ကျွန်တော်လည်း အိပ်ရာထဲနေလို့မဖြစ်တော့ဘူး။ သူ နိုးကြားတက်ကြွနေသလို ကျွန်တော်လည်း နိုးကြားတက်ကြွနေတယ်။ သမီးကိုလည်း ကြည့်ပါဦး။ သူ့ဘဝမှာ ပထမဆုံးအကြိမ် အသင်းအပင်း အမှုဆောင်လူကြီးဖြစ်လာတယ်။ အသင်းအပင်း အမှုဆောင်လူကြီးတစ်ဦးအဖြစ်ဖြင့် တက္ကသိုလ်ရွှေရတုသဘင်မှာ ပါဝင်ရတော့မယ်။ ယခုကတည်းက များလိုက်သည့်အလုပ်။ စာအုပ်ရောင်းရ၊ ပို့စ်ကဒ်ရောင်းရ၊ အစည်းအဝေးတက်ရ။ ပြန်ရောက်လာတော့ အဖေ အမေထံတွင် အတွေ့အကြုံတွေ ရင်ဖွင့်ရဖြင့် သမီးမှာ တက်ကြွနိုးကြားမှု၏ ပြယုဂ်ဖြစ်နေလေပြီ။ သမီး၏ ဘဝတွင် ပထမဆုံးသော နိုင်ငံရေးတိုက်ပွဲကြီးတစ်ရပ်ကို ဆင်နွှဲနေရလေပြီ။ သူတို့အသင်းမှာ ရွှေရတုသဘင်တွင် ဈေးရောင်းရမည်ဖြစ်ရာ၊ အမှုဆောင်လူကြီးအချို့က ငါးမုန့်ကြော်ရောင်းလိုပြီး သမီးတို့လူစုက

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဘူးသီးကြော် ကြော်ပြီး ရောင်းလိုတယ်။ အချီအချ ငြင်းကြခုံကြတာ ယခုထိ မပြီးသေး။ ငါ့စကားနွားရ ငြင်းခုံနေကြခြင်းမဟုတ်၊ ကျောင်းသူကျောင်းသားတွေ စိုက်ထုတ်ရမည့် လုပ်အားကို တွက်ကြ။ ဝင်ငွေထွက်ငွေကို တွက်ကြ။ ပလတ်စတစ်အိတ်နှင့်ထည့်ရောင်းရတာက ကောင်း မကောင်း၊ ပန်းကန်နှင့်ထည့်ရောင်းရတာက ကောင်း မကောင်း ငြင်းခုံနေကြခြင်းဖြစ်ပါတယ်။ သူတို့ဟာ ငါးမုန့်ကြော်နှင့် ဘူးသီးကြော်တိုက်ပွဲကို ကျွန်တော်တို့လူကြီးတွေ နိုင်ငံရေးတိုက်ပွဲ ဆင်နွှဲကြတဲ့ စိတ်အားထက်သန်မှုမျိုးနှင့် ဆင်နွှဲကြပါတယ်။

သမီး၏စိတ်အားထက်သန်မှု၊ သမီး၏အဖော်အပေါင်း၊ သမီး၏အသင်းအပင်း၊ လုပ်ဖော်ကိုင်ဖက်များရဲ့ စိတ်အားထက်သန်မှုတို့ဟာ ကျွန်တော့်ကို ကူးစက်နေပါတယ်။

ကျွန်တော်က စာရေးဆရာဖြစ်နေတော့ ပွဲလမ်းသဘင်တွေများလာတဲ့ ဒီအချိန်အခါမျိုးမှာ ဇာတ်ညွှန်းလိုချင်လို့၊ သီချင်းစာလိုချင်လို့ ကျွန်တော့်ထံ လူငယ်အချို့ လာကြတယ်။ ဘယ်လောက်ပဲ အလုပ်များများ တတ်နိုင်သလောက်တော့ လုပ်ပေးရသေးတာပဲ။ ကျွန်တော်က ဇာတ်ညွှန်းအတွက် ပန္နက်လောက်သာ ရိုက်ပေးနိုင်တယ်။ သီချင်းစာဆိုရင် စိတ်ကူးအဖြူထည်ကိုသာ ရေးပေးလိုက်နိုင်ပါတယ်။ ပြီးတော့ ကျောင်းသားလူငယ်တွေကို "မင်းတို့ ဘာသာလုပ်ကြကွာ" လို့ ခိုင်းလိုက်တယ်။ တက်ကြွနိုးကြားသော ကျောင်းသားလူငယ်တွေ ရုပ်လုံးဖော်ကြပုံ၊ တည်ကြဆောက်ကြပုံ၊ အစက်အပြောက် အမွှမ်းအမံတည်ကြပုံ၊ ဆေးရောင်ခြယ်ကြပုံ စသည် တို့ကို တွေ့မြင်ရတော့ ဖော်ပြရန်ခက်တဲ့ ခံစားမှုမျိုးတွေ ကျွန်တော့် ရင်တွင်းမှာဖြစ်ပေါ်လာပါတယ်။ သူတို့ရေးစပ် ဂီတသွင်းထားတဲ့ သီချင်းများကို နားထောင်ကြည့်ရင်း ကျွန်တော့်သားက

http://myanmarebooksfree.blogspot.com/



ကျွန်တော်နှင့် ပခုံးချင်း လာယှဉ်တော့ ပြောခဲ့တဲ့အတိုင်း "အင်း မင်းတို့ကတော့ မကြာခင် ငါတို့ကို ကျော်တက်သွားမှာပါကွာ" လို့ ပြောချင်လာပါတယ်ဗျာ။

ဟုတ်တယ်။ လူ့လောက သမိုင်းဖြစ်စဉ်မှာ လူငယ်တွေဟာ လူကြီးတွေကို ကျော်လွန်တိုးတက်သွားကြရမယ်။ ဒါဟာ သဘာဝဖြစ်ပါတယ်။ သို့မှသာလျှင် တိုးတက်မှုဆိုတာ ရှိနိုင်ပါတယ်။

သို့သော် သမိုင်းဖြစ်စဉ်က တိုးတက်ရမယ်လို့ ပြဋ္ဌာန်းထားရုံနှင့် လူငယ်တွေက ဘာမျှမလုပ်ဘဲ ဘယ်လိုမျှအားမထုတ်ဘဲ လူကြီးတွေကို ကျော်လွန်သွားလိမ့်မည်တော့ မဟုတ်ဘူးဗျ။

အလိုအလျောက် တိုးတက်သွားလိမ့်မယ်မဟုတ်ဘူး။ တိုးတက်နိုင်သောနည်းလမ်းတွေကို သိကြရလိမ့်မယ်။ တိုးတက်အောင်လည်း ကြိုးပမ်းအားထုတ်ကြရလိမ့်မယ်။ အခက်အခဲတွေကို ကျော်လွှားကြရလိမ့်မယ်။ ဘေးအန္တရာယ်တွေကို ဖြိုဖျက်ဖယ်ရှားကြရလိမ့်မယ်။ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းကြရလိမ့်မယ်။ ဇွဲလုံ့စိုက်ထုတ်သွားကြရလိမ့်မယ်။

ကျောင်းသားလူငယ်များ၏အချိန်၊ ကျောင်းသားလူငယ်များ၏ရာသီ၊ ကျောင်းသားလူငယ်များ၏ လတို့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကျောင်းသားလူငယ်ပွဲတော်နှင့် တက္ကသိုလ်ရွှေရတုသဘင်တို့ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ လူ့လောကသမိုင်းက ပြဋ္ဌာန်းထားတဲ့ ဖြစ်ပေါ်တိုးတက်ရေးလမ်းကြောင်း ဖြောင့်ဖြူးသာယာသေချာစေခြင်း အကျိုးငှာလည်းကောင်း၊ လူငယ်ကျောင်းသားတို့နှင့် ဆိုင်တဲ့ အထွေထွေပြဿနာများကို ကျွန်တော် ဆွေးနွေးသွားလိုတယ်ဗျာ။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## လူကြီးတွေက တိုက်ဖျက်၊ လူငယ်တွေက တည်ဆောက်

ကျောင်းသားလူငယ်အများအပြားဟာ (ကျွန်တော့်သားသမီးများ အပါအဝင်) ကျွန်တော်ရေးတဲ့ သပိတ်မှောက်ကျောင်းသား၊ အရှေ့ကနေဝန်းထွက်သည့်ပမာ၊ စစ်အတွင်းခရီးသည် စတဲ့ စာအုပ်များကို ဖတ်ကြတယ်။ အခြားစာရေးဆရာများရေးကြတဲ့ မြန်မာပြည်သူတွေရဲ့ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးဆိုင်ရာ စာအုပ်များ (ဥပမာ သခင်တင်မြရေး ဘုံဘဝမှာဖြင့်၊ မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်းရေး ဗမာ့တော်လှန်ရေးသမိုင်း) စသည်တို့ကို ဖတ်ကြပါတယ်။ သူတို့ဟာ လွတ်လပ်ရေးတိုက်ပွဲသမိုင်းပြတိုက်များကိုလည်း လေ့လာ ကြတယ်။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းဆိုင်ရာ ပြဇာတ်များကိုလည်း ကြည့်ကြရတယ်။ တစ်နေ့တော့ ကျွန်တော့်သားကြီးက ညည်းညည်း ညူညူပြောတယ်ဗျာ။

"အဖေတို့ခေတ်က သိပ်ကောင်းတာပဲ။ စွန့်စားစရာ၊ တိုက်ပွဲဝင်စရာ၊ အများအကျိုးဆောင်စရာ အခွင့်အလမ်းတွေ သိပ်များတာပဲ။

http://myanmarebooksfree.blogspot.com/



ကျွန်တော်တို့ခေတ်မှာတော့ ဒီလိုအခွင့်အလမ်းတွေ မရှိဘူး" တဲ့ဗျ။

ကျွန်တော့်သားကြီးပြောသလို ကျောင်းသားလူငယ်အများအပြားလည်း ပြောကြလိမ့်မယ်ထင်တယ်ဗျ။

ယခုတလော လူကြီးအများအပြားနှင့် ကျောင်းသားလူငယ်အချို့က ပြောကြသံ ကြားကြားနေရတယ်။ ယခင်ခေတ်က တက္ကသိုလ်ကျောင်းသားတွေဟာ ယခုခေတ် တက္ကသိုလ်ကျောင်းသားတွေနှင့် မတူဘူး။ "ယခင်ခေတ်က တက္ကသိုလ်ကျောင်းသားတွေဟာ မျိုးချစ်စိတ်ရှိကြတယ်။ အများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ကြတယ်။ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းကြတယ်။ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတွယ်တာကြတယ်" စသည်ဖြင့်ပေါ့လေဗျာ။

ကျွန်တော်က သူတို့နှင့် သဘောမတူဘူးဗျ။ ယခုခေတ်တက္ကသိုလ်ကျောင်းသားတွေလည်း မျိုးချစ်စိတ် ရှိမှာပဲ။ အများအကျိုးအတွက် ကိုယ်ကျိုးကိုစွန့်ရန် အဆင်သင့်ဖြစ်နေကြမှာပဲ။ လူငယ်ကျင့်ဝတ်သိက္ခာ စောင့်ထိန်းကြမှာပဲ။ အမျိုးသားယဉ်ကျေးမှုကိုလည်း မြတ်နိုးကြမှာပဲ။

ကွာခြားချက်က ကျွန်တော်တို့ခေတ်တုန်းက အဲဒီအရည်အချင်းတွေကို ပြရန် အခွင့်အရေးများခဲ့ပြီး ယခုခေတ်မှာ အဲဒီအရည်အချင်းတွေကိုပြရန် အခွင့်အရေးက နည်းနေသေးတယ်။

ယနေ့ထိ ကျွန်တော်တို့ဟာ ဖြိုချတဲ့လုပ်ငန်းတွေ၊ တိုက်ဖျက်တဲ့လုပ်ငန်းတွေကိုချည်း လုပ်နေရသေးတယ်။ ယနေ့ထိ မည်မည်ရရဖြစ်ဖြစ်မြောက်မြောက် တည်ဆောက်ရေးလုပ်ငန်းတွေကို မလုပ်ရသေးဘူး။ ယခုထိ ကျွန်တော်တို့ဟာ နယ်ချဲ့အရင်းရှင်လွှမ်းမိုးမှုကို တိုက်ခိုက်နေကြရတယ်။ မြေရှင်အရင်းရှင်စနစ်ကို ဖြိုချနေရတယ်။ တည်ဆောက်ရေး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လုပ်ငန်းဟူသမျှကို နှောင့်ယှက်တားဆီးနေတဲ့ အဖျက်သမားများကို ရှင်းလင်းနေရတယ်။

ဗြိတိသျှနယ်ချဲ့လက်အောက်ခံနိုင်ငံဘဝတုန်းကလည်းကောင်း၊ ဖက်ဆစ်သံတလိမ့်အောက် ပြားပြားမှောက် ရောက်နေသော ဘဝတုန်းကလည်းကောင်း၊ ခေတ်မီတိုးတက်သော စက်မှုလက်မှုထွန်းကားသော သာယာဝပြောသောနိုင်ငံအဖြစ်ဖြင့် တည်ဆောက်ရန် လွတ်လပ်စွာပင် စိတ်မကူးခဲ့နိုင်ကြဘူးဗျ။ အကြီးဆုံး အတားအဆီးကတော့ နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ ဖက်ဆစ်စနစ် ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအတားအဆီးကြီးကို တိုက်ဖျက်ကြရပါတယ်။ ၁၉၄၈ ခုနှစ်မှာ အမျိုးသားလွတ်လပ်ရေးရပြီးသော်လည်း နယ်ချဲ့ပဒေသရာဇ်စနစ်တို့ရဲ့ အကြွင်းအကျန်များရှိနေသေးလို့၊ မြေရှင် အရင်းရှင်စနစ် ရှိနေသေးလို့၊ လက်ဝဲ လက်ယာ အဖျက်သမား သောင်းကျန်းမှုများက ကြီးထွားနေသေးလို့ ခေတ်မီတိုးတက်သော၊ စက်မှုလက်မှုထွန်းကားသော၊ သာယာဝပြောသော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ်ဖြင့် မတည်ထောင်နိုင်ခဲ့ကြဘူး။ နယ်ချဲ့ပဒေသရာဇ် အကြွင်းအကျန်များကို ရှင်းလင်းနေကြရတယ်။ မြေရှင် အရင်းရှင်စနစ်ကို ဖြိုချနေကြရတယ်။ လက်ဝဲ လက်ယာ အဖျက်သမား သောင်းကျန်းမှုများကို သုတ်သင်နေကြရတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီက အာဏာ သိမ်းယူပြီးနောက် ယနေ့ထိတိုင်အောင်လည်းပဲ အဲဒီလို ဖြိုဖျက်မှုကိစ္စ အဝဝကို လုပ်နေရတုန်းဖြစ်ပါတယ်။ တည်ဆောက်ရေး လုပ်ငန်းများကို မည်မည်ရရ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်သေးပါဘူး။

တော်လှန်ရေးကောင်စီတက်လာပြီးနောက် ထူးခြားလာတာကတော့ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံ

http://myanmarebooksfree.blogspot.com/





နယ်မြေပေါ်မှာ ဘယ်သို့သော နိုင်ငံ အဆောက်အအုံသစ်မျိုး၊ ဘယ်သို့သော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစနစ်သစ်မျိုး တည်ဆောက်မယ်ဆိုတာ ပုံစံငယ် အကြမ်းထည်၊ အဖြူထည် သတ်မှတ်နိုင်ခြင်းဖြစ်ပါတယ်။ အရင်းရှင်မဟုတ်သော ဖြစ်ပေါ်တိုးတက်ရေးလမ်းကြောင်းဖြင့် ပန်းတိုင်သို့ အရောက်ချီတက်မယ်ဆိုတဲ့ ယေဘုယျနိုင်ငံရေးလမ်းကြောင်းကို ပြတ်ပြတ်သားသား ပြဋ္ဌာန်းနိုင်ခြင်းဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတဲ့ ယေဘုယျဘုံလမ်းစဉ်တစ်ရပ်ကို လုပ်သားပြည်သူတွေအတွက် ချမှတ်နိုင်ခြင်းဖြစ်ပါတယ်။ ထို လမ်းစဉ်ကို အကောင်အထည်ဖော်ရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်ခြင်း၊ ပြည်သူ့အလုပ်သမားကောင်စီ၊ ပြည်သူ့လယ်သမားကောင်စီနှင့် အခြား လူထုလူတန်းစားအဖွဲ့အစည်းများကို တည်ထောင်ခြင်း စတဲ့ စည်းရုံးရေးရာ ပြင်ဆင်မှုများ လုပ်နိုင်ခြင်းဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားပြီး အဲဒီ နိုင်ငံတော်အာဏာကို အလုပ်သမားလူတန်းစားနှင့် တောင်သူလယ်သမားလူတန်းစားတို့ရဲ့ အာဏာ၊ လုပ်သားပြည်သူတို့ရဲ့ အာဏာအဖြစ်ဖြင့် ပြောင်းလဲပစ်ရန် စတင်ပြင်ဆင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။

အဓိကအားဖြင့်ပြောရရင် ကျွန်တော်တို့လူကြီးပိုင်းက ဆောင်ရွက်နိုင်တာဟာ အဆောက်အအုံဟောင်းများကို ဖြိုဖျက်ပြီး မြေနေရာရှင်းပေးခြင်းနှင့် ပန္နက်ရိုက်ခြင်းလောက်သာ လုပ်ပေးနိုင်တယ်။ နိုင်ငံသစ်၊ စနစ်သစ်၊ အဆောက်အဦသစ် တည်ဆောက်မှုကို မလုပ်နိုင်သေးပါဘူး။ ယနေ့ ကျောင်းသားလူငယ်တွေရဲ့ ပခုံးပေါ်ကို နိုင်ငံသစ်၊ စနစ်သစ်၊ အဆောက်အဦသစ် တည်ဆောက်ရေးတာဝန် ကျရောက်နေပါတယ်။ တည်ဆောက်ရေးဟာ ယနေ့လူငယ်တွေရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သူတို့တည်ဆောက်ရမည့်အလုပ်ဟာ အလွန်မွန်မြတ်တယ်။ မျိုးချစ်၊ ပြည်ချစ်စိတ် ရှိသူတိုင်း လုပ်ချင်ရမည့်အလုပ်၊ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်လိုသူတိုင်း လုပ်ချင်ရမည့်အလုပ်၊ လူငယ်ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုသူတိုင်း လုပ်ချင်ရမည့်အလုပ် ဖြစ်ပါတယ်။ သူတို့ဟာ ခေတ်မီတိုးတက်သော စက်မှုလက်မှုထွန်းကားသောနိုင်ငံသစ် တည်ဆောက်ရပါမယ်။ တစ်နာရီ မိုင် ၁၈၀၀၀ ပြေးနေတဲ့ ဂြိုဟ်တုခေတ်ကြီးမှာ လိပ်ပြေးသလို ပြေးနေရတဲ့အဖြစ်မှ ရုန်းထွက်နိုင်အောင် လုပ်ကြရပါလိမ့်မယ်။ ကိုယ့်မော်တော်ကား၊ ကိုယ့်မီးရထားစက်ခေါင်း၊ ကိုယ့်လေယာဉ်ပျံ ကိုယ့်ဘာသာလုပ်နိုင်သော၊ ကိုယ့်ရေနံတွင်း တူးစက်ကိုယ့်ဘာသာ ကိုယ်လုပ်နိုင်သော၊ ကိုယ့်အထည်စက်ရုံ ကိုယ့်ဘာသာလုပ်နိုင်သော၊ ကိုယ့်ပင်ရင်းသဘာဝပစ္စည်းများကို ကိုယ့်လက်နက်ကိရိယာ၊ ကိုယ့်အတတ်ပညာဖြင့် ထုတ်ယူနိုင်သော စက်မှုနိုင်ငံ တည်ထောင်ကြရပါလိမ့်မယ်။ သည့်ထက်ပိုထူးတာက သည့်ထက်ပိုမွန်မြတ်တာက အဲဒီလို ခေတ်မီတိုးတက်တဲ့ စက်မှုနိုင်ငံဟာ အလုပ်သမားတွေ၊ လယ်သမားတွေ ကြီးစိုးလွှမ်းမိုးတဲ့နိုင်ငံဖြစ်အောင်၊ ခေတ်မီတိုးတက်တဲ့ စက်မှုနိုင်ငံရဲ့ အသီးအပွင့်တွေ၊ သိပ္ပံပညာ ဝိဇ္ဇာပညာတို့ရဲ့ အသီးအပွင့်တွေ၊ အသိပညာ၊ အတတ်ပညာတို့ရဲ့ အသီးအပွင့်တွေကို တကယ်အလုပ်လုပ်သော လုပ်သားပြည်သူတွေက ကာယ ဉာဏစွမ်းအားထုတ်ပြီး၊ အလုပ်လုပ်သလောက် (ဝါ) ကာယဉာဏလုပ်အားစိုက်ထုတ်သလောက် အချိုးကျ တရားမျှတစွာ ခွဲဝေစားသုံးနိုင်တဲ့ စနစ်သစ်ထွန်းကားတဲ့ နိုင်ငံဖြစ်အောင် ပြည်သူအများ စား ဝတ် နေ ဆင်းရဲမှုဒုက္ခတွေ ကင်းတဲ့၊ ပြည်သူအများ စား ဝတ် နေ အဆင့်အတန်း မြင့်မြင့်လာတဲ့၊ အလုပ်လက်မဲ့မရှိတဲ့၊ မရှိလို့ ခိုးတာ တိုက်တာ



ကင်းဝေးတဲ့၊ လူလူချင်း ခေါင်းပုံဖြတ် သွေးစုပ်မှု ချုပ်ငြိမ်းလို့ ဗြဟ္မစိုရ်တရား လွှမ်းမိုးတဲ့ ပုဂ္ဂလိက ပစ္စည်းစွဲမက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ လောဘ၊ လောဘကြောင့် ဖြစ်ပွားတတ်တဲ့ ဒေါသ၊ ဒေါသ နောက်မှ ထပ်ကြပ်မကွာ လိုက်လာတတ်တဲ့ မောဟ စတဲ့မီးများ မတောက်လောင်တဲ့ အေးချမ်းသာယာ စည်ပင်တဲ့နိုင်ငံဖြစ်အောင် နိုင်ငံသစ်အဖြစ် တည်ဆောက်ရမည်ဖြစ်ပါတယ်။

ကျွန်တော်တို့လူကြီးပိုင်းက အဆောက်အဦဟောင်းကို ဖြိုဖျက်နေခဲ့ကြတာ ပြီးပြီလို့ဆိုရမလောက်ဖြစ်နေပါပြီ။ အဆောက်အဦသစ် တည်ဆောက်ဖို့ နေရာရှင်းလင်းနေတာကလည်း ပြီးခါနီးပါပြီ။ ပန္နက်လည်း ရိုက်လို့ထားပြီးပါပြီ။ ယနေ့ ကျောင်းသားလူငယ်တွေရဲ့ရှေ့မှာ အဆောက်အဦသစ်ကြီး တည်ဆောက်ရန် အလားအလာဟာ လွန်စွာလွန်စွာ ထွန်းပြောင်နေပါတယ်ဗျာ။

http://myanmarebooksfree.blogspot.com/

## သမိုင်းအမွေအနှစ်နှင့် ကျောင်းသားလူငယ်များ

အထက်တစ်နေရာမှာ ကျွန်တော်က၊ လူကြီးတွေက အဆောက်အဦဟောင်း ဖြိုဖျက်ပြီး လူငယ်တွေက အဆောက်အဦသစ် တည်ဆောက်ရမယ်လို့ ဆိုလိုက်တော့ အချို့သူတွေဟာ လွဲနံ့ဓားထစ် မှတ်ယူသွားမှာ စိုးရတယ်။ အရာရာမှာ အဟောင်းဟူသမျှကို ဖြိုဖျက်ရမယ်။ အရာရာမှာ အသစ်စက်စက် တည်ဆောက်ရမယ်။ လူကြီးတွေက အဟောင်းတွေကို အကုန်မဖြိုဖျက်ဘူး။ ဒါ့ကြောင့် လူကြီးတွေဟာ ဖောက်ပြန်တယ်။ လူကြီးတွေမှာ အတွေးအခေါ်ဟောင်းတွေ ချိုးကပ်နေတယ်။ ဒါ့ကြောင့် အသစ်တည်ဆောက်ရေးနှင့် ဘယ်လိုမှမပတ်သက်ထိုက်ဘူး စသည်ဖြင့် အယူအဆလွဲမှားကုန်မှာစိုးရတယ်။

ဒါ့ကြောင့် အတိတ်အမွေအနှစ်နှင့် ကျောင်းသားလူငယ်များ ပြဿနာကို ဆွေးနွေးလိုပါတယ်။

ပထမဦးဆုံး လူမှုရေး ခေတ်ပြောင်းတော်လှန်ရေးမှာ ဖျက်ရမယ်ဆိုတာဟာ ဘာကိုဖျက်ရမှာလဲ၊ တည်ဆောက်ရမယ်ဆိုတာ ဘာကို

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



တည်ဆောက်ရမှာလဲ စသည်ဖြင့် ရှင်းလင်းစွာသဘောပေါက်နားလည်ထားဖို့လိုတယ်။

ဖျက်ရမှာက လူမှုအဆောက်အဦဟောင်း၊ လူ့လောက ဖွဲ့စည်းပုံစနစ်ဟောင်း၊ ကုန်ထုတ်လုပ်မှု ဆက်ဆံရေးစနစ်ဟောင်းကို ဖျက်ရမှာဖြစ်တယ်။ တည်ဆောက်ရမှာက လူမှုအဆောက်အဦသစ်၊ လူ့လောက ဖွဲ့စည်းပုံ စနစ်သစ်၊ ကုန်ထုတ်လုပ်မှု ဆက်ဆံရေးစနစ်သစ်ကို တည်ဆောက်ရမှာဖြစ်တယ်။ အနှစ်ထုတ်ပြီးပြောရရင် အရင်းရှင်မြေရှင် ကုန်ထုတ်လုပ်မှု ဆက်ဆံရေးစနစ်ဟောင်းကို ဖြိုဖျက်ပြီး ကုန်ထုတ်လုပ်မှု ဆက်ဆံရေးစနစ်သစ်ကို တည်ဆောက်ရမှာဖြစ်တယ်။

လူ့လောကရဲ့အသက်ဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကိစ္စကြီးမှာ ကုန်ထုတ်စွမ်းအားစုဆိုတာရယ်၊ ကုန်ထုတ်ဆက်ဆံရေးဆိုတာရယ် အပိုင်းကြီး ၂ ပိုင်းရှိတယ်။ ကုန်ထုတ်စွမ်းအားစုဆိုတဲ့စာရင်းမှာ

(က) လူ (ဝါ) လုပ်အားရှင်

(ခ) ကုန်ထုတ်လုပ်မှုကိရိယာ

(ဂ) ကုန်ထုတ်ကိရိယာ ကိုင်ဆောင်သုံးစွဲမှု အတွေ့အကြုံ (ဝါ) အသိပညာ၊ အတတ်ပညာတို့ ပါဝင်ပါတယ်။ ကျန်တစ်ပိုင်းဖြစ်တဲ့ ကုန်ထုတ်ဆက်ဆံရေးဆိုတာကတော့ ကုန်ထုတ်ကိရိယာပိုင်ဆိုင်မှုကို အခြေပြုပြီး ကုန်ထုတ်လုပ်မှုကိစ္စကြီးမှာ ပါဝင်ပတ်သက်နေတဲ့ လူတွေအချင်းချင်း ဆက်ဆံရေးဖြစ်ပါတယ်။ ကုန်ထုတ်ကိရိယာပိုင်ဆိုင်သူနှင့် ကုန်ထုတ်ကိရိယာကို ကိုင်စွဲအလုပ်လုပ်သူတို့ရဲ့ဆက်ဆံရေး၊ ကုန်ထုတ်ကိရိယာကို ကိုင်စွဲ အလုပ်လုပ်သူအချင်းချင်း ဆက်ဆံရေးတို့ အကျုံးဝင်ပါတယ်။ ကုန်ထုတ်ကိရိယာကို ဘယ်သူပိုင်သလဲဆိုတာဟာ သော့ချက်ပြဿနာဖြစ်ပါတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဆိုရှယ်လစ်စနစ်မတိုင်မီက လူမှုရေးအဆောက်အဦတွေမှာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်အရ ကုန်ထုတ်ကိရိယာကို ကျေးပိုင် ကျွန်ပိုင်ရှင်၊ မြေရှင်၊ အရင်းရှင်တို့က ပိုင်ဆိုင်ကြပြီး ကုန်ထုတ်ကိရိယာကိုင် အလုပ်လုပ်ကြတဲ့ လုပ်သားထုကို စိုးမိုးခြယ်လှယ်ကြတယ်။ ဒီပေါ်မှာ အမှီပြုပြီး မြေရှင်စနစ် အရင်းရှင်စနစ် စသည်ဖြင့် ဖြစ်ပေါ်လာတယ်။ ဆိုရှယ်လစ်စနစ်မှာတော့ ကုန်ထုတ်ကိရိယာများဖြစ်တဲ့ မြေ၊ ထွန်စက်၊ စက်ရုံ၊ ဘဏ်တိုက် စသည်တို့ကို ကုန်ထုတ်ကိရိယာကိုင် အလုပ်လုပ်သော လုပ်သားပြည်သူတို့က ဘုံပိုင်ဆိုင်ပါတယ်။ ဘုံပိုင်ဆိုင်ပြီး ကာယလုပ်အား၊ ဉာဏလုပ်အား အစွမ်းကုန်ပေးကာ စုပေါင်းထုတ်လုပ်ကြတယ်။ ပြီးတော့ အလုပ်လုပ်သလောက် ခွဲဝေခံစားကြတယ်။

ဒီတော့ အဟောင်းကိုဖျက်တယ်။ လူမှုအဆောက်အဦဟောင်းကို ဖျက်တယ်ဆိုတာဟာ အခြေခံအားဖြင့် ကုန်ထုတ်ဆက်ဆံရေးစနစ်ဟောင်းကို ဖျက်ခြင်းဖြစ်ပါတယ်။ ကုန်ထုတ်စွမ်းအားစုကို ဖျက်ခြင်းမဟုတ်ပါဘူး။ ကုန်ထုတ်ဆက်ဆံရေးစနစ်သစ် (ဝါ) လူမှုအဆောက်အအုံသစ်ကို တည်ဆောက်တဲ့အခါ လက်ရှိကုန်ထုတ်စွမ်းအားစုကို မဖျက်ဆီးရရုံမက ဆက်လက်ထိန်းသိမ်းပြီး ပိုစွမ်းအားထက်အောင် ပြုစုတိုးချဲ့သွားရပါတယ်။ ကုန်ထုတ်စွမ်းအားစုစာရင်းဝင်ဖြစ်တဲ့ လူတွေ (ဝါ) လုပ်အားပိုင်ရှင်သူတွေကို ပိုလုပ်အားပေးနိုင်အောင် ပြုစုပျိုးထောင်ရပါတယ်။ ကုန်ထုတ်ကိရိယာတွေကို ပိုအစွမ်းထက်မြက်အောင် ပြုပြင် တီထွင်ပေးရပါတယ်။ ကုန်ထုတ်လုပ်မှု အတွေ့အကြုံဖြစ်တဲ့ အသိပညာ အတတ်ပညာတွေကို တိုးချဲ့ဆန်းသစ်ပေးရပါတယ်။

တစ်နည်းပြောရရင် ကာယဉာဏလုပ်အားစိုက် အလုပ်လုပ်သော လုပ်သားထု ကုန်ထုတ်ကိရိယာနှင့် ကုန်ထုတ်လုပ်မှုအတွေ့အကြုံတည်း

http://myanmarebooksfree.blogspot.com/



ဟူသော အသိပညာ အတတ်ပညာတို့ပါဝင်တဲ့ ကုန်ထုတ်စွမ်းအားစုဟာ လူငယ်တွေက ဆက်လက်ထိန်းသိမ်းရမည့် အမြတ်တနိုး တန်ဖိုးထားရမည့် အတိတ်အမွေအနှစ်များဖြစ်ပါတယ်။ လူကြီးတွေအိုပြီ၊ နွားအိုကြီးတွေ နွားသတ်ရုံပို့ဆိုတဲ့သဘောထားမျိုး မထားရပါဘူး။ လုပ်သားကြီးတွေကို သူတို့ အတိတ်ကပြုခဲ့သော ကျေးဇူးကြောင့်သာမက သူ့အရွယ်နှင့်သင့်လျော်သော လုပ်အားအတွက်ပါ တန်ဖိုးထားကြရပါလိမ့်မယ်။ သူတို့ရဲ့အတွေ့အကြုံကို အသုံးပြုကြရပါလိမ့်မယ်။ ကုန်ထုတ်ကိရိယာနှင့်ပတ်သက်လို့လည်း ရေအားလျှပ်စစ်စက်ရုံကြီး ပေါ်လာပြီ၊ မြင်းဆယ်ကောင်အား လျှပ်စစ်အင်ဂျင်စက်ကလေးကို လွှင့်ပစ်ဆိုတဲ့ သဘောထားမျိုး။ ဟီးနိုးကားကြီးတွေ ပေါ်နေပြီ၊ မြင်းလှည်းတွေ ဖျက်ပစ်ဆိုတဲ့သဘောထားမျိုး မရှိစေသင့်ပါဘူး။ မြင်းဆယ်ကောင်အား လျှပ်စစ်အင်ဂျင်ကလေးကို ချောင်ကျတဲ့ကျေးရွာကို ပို့ပေးသင့်ပါတယ်။ မြင်းလှည်းကို မြို့ငယ် ကလေးများနှင့် ရွာကြီးများသို့ ပို့ပေးသင့်ပါတယ်။ သို့ဖြင့် ကုန်ထုတ် ကိရိယာများကို လေးစားကြောင်း၊ အစွမ်းကုန် အသုံးချကြောင်း ပြကြရမယ်။

လူတွေဟာ လွန်ခဲ့သော နှစ်ပေါင်း လေးငါးထောင်အတွင်းမှာ အသိပညာ၊ အတတ်ပညာအမျိုးမျိုး၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာအမျိုးမျိုး၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာအမျိုးမျိုးကို ကြံဆ၊ တီထွင်၊ ပြုစု၊ ပျိုးထောင်၊ ရှာမှီးစုဆောင်းလာခဲ့ကြတယ်။ ထို အသိပညာ အတတ်ပညာတွေဟာ အနှစ်ထုတ်ကြည့်လိုက်ရင် ကုန် ထုတ်လုပ်မှုအတွေ့အကြုံများသာဖြစ်ကြောင်း တွေ့ရမယ်။ ဟိုးရှေးဟောင်း လူကြီးသူမတို့က မြင်းရိုင်းတွေဖမ်းပြီး ပါးချပ်တပ်ခဲ့ခြင်းကြောင့် ယနေ့ လူတွေဟာ စက်မောင်းယာဉ်တို့ရဲ့ စတီယာရင်းဘီးကို ကိုင်တတ်ခြင်း ဖြစ်ပါတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ရှေးဟောင်းလူကြီးသူမတို့က လေ့ထိုးရင်း၊ လေ့ထိုးခြင်း အတွေ့အကြုံပေါ်မှာ ဧဉ်းစားဆင်ခြင်ရင်း၊ ယခုခေတ်မှာ ပြိုင်စံရှားတဲ့ အင်အားဖြစ်တဲ့ ဂျက်အင်အားကို တွေ့ရှိရခြင်းဖြစ်ပါတယ်။ လူတွေဟာ လူ့လောက တည်မြဲရေးအတွက် ကုန်ထုတ်လုပ်မှုကိစ္စကြီးကို ထမ်းရွက်ရင်း အမျိုးမျိုးသော အသိပညာ၊ အတတ်ပညာများကို စုဆောင်းမိပါတယ်။ လူတွေဟာ ရုပ်ပိုင်းဆိုင်ရာ အစာအာဟာရကို လိုသလို၊ စိတ်ပိုင်းဆိုင်ရာ စိတ်အာဟာရ လိုပါတယ်။ စိတ်အာဟာရလိုအင်ကို ဖြည့်စွမ်းရင်း စာပေ အနုပညာ၊ ယဉ်ကျေးမှု သုခုမပညာ အမျိုးမျိုးပေါ်ထွက်လာပါတယ်။ နှစ်ထောင်ပေါင်းများစွာမှ သားစဉ်မြေးဆက် စုဆောင်းလက်ခံလာကြတဲ့ ဖော်ပြပါ အတတ်ပညာ အသိပညာ အမွေအနှစ်တွေကို လူငယ်တို့ဟာ မြတ်နိုးရမယ်၊ ရှာမှီးရမယ်၊ ထိန်းသိမ်းရမယ်၊ တိုးချဲ့ရမယ်။ ဝ မရှိဘဲ ဝိလုပ်လို့ မရဘူး။ အတိတ်အမွေအနှစ်ကို အခြေခံပြီး တီထွင်ကြံဆ တိုးချဲ့သွားကြရမယ်။ လူငယ်တွေဟာ အထက်ပါ ရှေးဟောင်း အမွေအနှစ်တွေကို ဖျက်ဆီးမပစ်ရဘူး။ ပြုပြင်တိုးချဲ့ပြီး ရှေ့သည့်ထက်သည် ကြွယ်ဝအောင် ဖော်ဆောင်သွားကြရမယ်။ အတတ်ပညာ အသိပညာ ဆိုင်ရာမှာ ကျောက်ဖြစ်ရုပ်ကြွင်းသဘော၊ အဟောင်းတည်တံ့နေသော သဘော၊ မတိုးတက် မပြောင်းလဲသောသဘော မရှိသလို အသစ်စက်စက် ဆိုတာလဲ မရှိဘူး။ လူတို့ရဲ့ အတတ်ပညာ အသိပညာတို့ဟာ အမြဲရှင်သန်တိုးတက်နေသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသစ်၊ လူမှုအဆောက်အဦသစ်၊ ခေတ်သစ် စနစ်သစ်ကို တည်ဆောက်ကြရာမှာ ရှိနေပြီးသားလုပ်သားထုနှင့် ရှိနေပြီးသား ကုန်ထုတ်ကိရိယာများကို အရင်းရှင်မြေရှင်စနစ်

http://myanmarebooksfree.blogspot.com/





လက်ထက်မှ လုပ်သားထုနှင့် ကုန်ထုတ်ကိရိယာများဖြစ်တယ်ဆိုပြီး ဘေးဖယ် ထားလို့မရသလို၊ ရှိနေပြီးသား အတတ်ပညာ၊ အသိပညာတွေကို အရင်းရှင်မြေရှင် အသိပညာ အတတ်ပညာတွေဖြစ်တယ်ဆိုပြီး ဘေးဖယ် ထားလို့မရဘူး။ ဆက်လက်သုံးစွဲသွားရတယ်။ အသစ်တည်ဆောက်ရာမှာ ဆက်လက်သုံးစွဲရင်း အသစ်နှင့် အံမဝင်ခွင်မကျတဲ့ အချက်တွေကို ပြုပြင်ပြောင်းလဲသွားရတယ်။ အဟောင်း အမွေအနှစ်များကို တန်ဖိုးထား ချစ်မြတ်နိုးရင်း၊ ဝေဖန်သုံးသပ်ပြီး ပိုကောင်းသည်ထက် ကောင်းအောင် တိုးချဲ့သွားရတယ်။ ယခင်ခေတ်က အသိပညာ အတတ်ပညာများ၊ ဝိဇ္ဇာသိပ္ပံပညာများ၊ စာပေယဉ်ကျေးမှု အနုပညာများကို လူတစ်စုက လက်ဝါးကြီးအုပ်ထားခဲ့တယ်။ သူတို့ လူတန်းစား ကြီးစိုးလွှမ်းရေးအတွက် အသုံးပြုခဲ့ကြတယ်။ ယခုခေတ်မှာ လူငယ်တွေဟာ အသိပညာ အတတ်ပညာများကို လုပ်သားပြည်သူတစ်ရပ်လုံး လက်သို့ ရောက်အောင် ပို့ဆောင်ပေးကြရမယ်။ ယနေ့ ကျောင်းသား လူငယ်တို့ဟာ အသိပညာ အတတ်ပညာများဖြင့် လုပ်သားပြည်သူတို့ကို အလုပ်အကျွေးပြုဖို့ အစွမ်းကုန်လေ့လာစုဆောင်းကြရမယ်။ ပြုစုပျိုးထောင်ကြရမယ်။ အစွမ်းကုန်တီထွင် တိုးချဲ့သွားကြရမယ်ဗျာ။

၀

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## နိုင်ငံရေးဝါဒ၊ သဘောတရားနှင့် ကျောင်းသားလူငယ်များ

ယနေ့ ကျောင်းသားလူငယ်များဟာ စနစ်သစ် တည်ဆောက်ရေး တာဝန်ကို ထမ်းဆောင်ရမယ်။ သို့ကလို ထမ်းဆောင်နိုင်ရန် အသိပညာ အတတ်ပညာများ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာများ၊ စာပေယဉ်ကျေးမှု အနုပညာများ စသည်တို့ကို လေ့လာရမယ်၊ ဆည်းပူးရမယ်၊ ရှာဖွေ စုဆောင်းရမယ်လို့ ဆိုလိုက်တော့ ပြဿနာတစ်ရပ် ပေါ်လာတယ်ဗျ။ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်နိုင်ရန် လုပ်ငန်းဆိုင်ရာ ပညာများကို လေ့လာထားရုံ၊ တတ်ထားရုံနှင့် မပြီးဘူးလား။ အင်ဂျင်နီယာ ကျောင်းသားက အင်ဂျင်နီးယားရင်းသိပ္ပံပညာကို၊ ဆေးတက္ကသိုလ် ကျောင်းသားက ဆေးသိပ္ပံပညာကို၊ ဝါဂီနစ် ကျောင်းသားက သီချင်း ရေးစပ်ခြင်းနှင့် ဂီတပညာကို၊ သမိုင်းကျောင်းသားက သမိုင်းပညာနှင့် ရှေးဟောင်းသုတေသနလုပ်ငန်းအတတ်ပညာကို၊ ပန်းချီကျောင်းသားက ပန်းချီအတတ်ပညာကို အသီးသီး အသက အသက လေ့လာထားကြ။ တတ်ထားကြရင် မပြီးဘူးလား။



ဘာတွေများ အပိုသင်ချင်သေးသလဲ စသည်ဖြင့် မေးသူက မေးပါလိမ့် ဦးမယ်။

ဒါတွေ သင်ရမှာ မှန်တယ်။ တတ်ထားရမှာ မှန်တယ်။ သို့သော် မပြီးသေးဘူး။ ကျောင်းသားလူငယ်တိုင်း လေ့လာဆည်းပူး စရာ၊ ပေါက်မြောက်တတ်သိစရာ၊ အရေးကြီးသောအရာများ ကျန်နေ သေးတယ်လို့ ဖြေရပါလိမ့်မယ်။

နိုင်ငံရေးဝါဒ သဘောတရားများ၊ ကမ္ဘာ့ပြည်သူတို့ရဲ့ ဘဝ လွတ်မြောက်ရေးတိုက်ပွဲသမိုင်းများ၊ မြန်မာပြည်သူတို့ရဲ့ နိုင်ငံရေး လှုပ်ရှားမှု သမိုင်းများ စသည်တို့ကို သင်ကြားလေ့လာကြရလိမ့်မယ်။ ကမ္ဘာ့နိုင်ငံများရဲ့ လောကတည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် အထွေထွေဗဟုသုတများကို ရှာဖွေစုဆောင်းရလိမ့်မယ်။ ဒါဟာ ကျောင်းသားလူငယ်အားလုံးအဖို့ ဘုံလုပ်ငန်းတာဝန် တစ်ခု ဖြစ်တယ်။

တကယ်တော့ ဘယ်ခေတ် ဘယ်အခါတုန်းကမဆို လူ အားလုံးဟာ နိုင်ငံရေးဝါဒ၊ သဘောတရားများနှင့် လှုပ်ရှားမှုများကို စိတ်ပါဝင်စားစွာ လေ့လာတတ်သိနေထိုက်တာပါပဲ။ သို့သော် အစောပိုင်း ခေတ်များမှာ လူများစုကြီးကို သွေးစုပ်ခြယ်လှယ် နေသောလူတစ်စုက နိုင်ငံရေးကို လက်ဝါးကြီးအုပ်ထားကြတယ်။ ကြီးစိုးလွှမ်းမိုးခြင်း၊ ခြယ်လှယ်သွေးစုပ်ခြင်းခံနေရတဲ့ လူတန်းစားများကို နိုင်ငံရေး စိတ်မဝင် စားအောင်၊ နိုင်ငံရေးဝါဒ သဘောတရားများကို နားမလည်အောင် တတ်နိုင်သမျှ ကန့်သတ်ချုပ်ချယ်ထားကြတယ်။ နိုင်ငံရေးဆိုတာ လူတွေရဲ့စားဝတ်နေရေးအပါအဝင် လူမှုရေး ကိစ္စအဝဝကို အနှစ်ချုပ် ပြုလုပ်ထားတဲ့ လူတိုင်းနှင့်ဆိုင်တဲ့ အရေးသာ ဖြစ်တယ်။ သို့သော် ကြီးစိုးလွှမ်းမိုး၊ သွေးစုပ်ခြယ်လှယ်နေသော လူနည်းစုက ကြီးစိုးလွှမ်းမိုး

http://myanmarebooksfree.blogspot.com/

သွေးစုပ်ခြယ်လှယ်ခြင်း ခံနေရတဲ့ လူများစုကြီးနှင့် နိုင်ငံရေးကင်းကွာနေအောင် လုပ်ထားကြတယ်။ ယနေ့ခေတ်မှာတော့ ကြီးစိုးလွှမ်းမိုးသွေးစုပ်ခြယ်လှယ်သော လူတန်း စားများ မရှိရတော့ဘူး။ ဒါ့ကြောင့် နိုင်ငံရေးနှင့် လုပ်သားပြည်သူများ ကင်းကွာနေအောင် မလုပ်ရတော့ဘူး။ လုပ်သားပြည်သူတစ်ရပ်လုံးဟာ နိုင်ငံရေးနှင့် ပတ်သက်နေရမယ်။ လုပ်သားပြည်သူတစ်ရပ်လုံးဟာ နိုင်ငံရေး နိုးကြားနေရမယ်။ လုပ်သားပြည်သူတစ်ရပ်လုံး နိုင်ငံရေးဝါဒ၊ သဘောတရားရေးနှင့် လှုပ်ရှားမှုများကို စိတ်ဝင်စား နားလည်နေကြရမယ်။ နိုင်ငံရေးအရည်ဝသော၊ နိုင်ငံရေးနိုးကြားသော အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စစ်သားများ၊ ပညာသည် များနှင့် ကျောင်းသားလူငယ်များကသာလျှင် လူလူချင်း ခေါင်းပုံဖြတ် သွေးစုပ်မှုအဝဝကို ပယ်ဖျက်နိုင်ပြီး စနစ်သစ်ကို တည်ဆောက်နိုင်တယ်။

ဒါ့ကြောင့် ကျောင်းသားလူငယ်များဟာ မိမိတို့နှင့် သက်ဆိုင်ရာ ဘာသာရပ်နှင့် လုပ်ငန်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများအပြင် နိုင်ငံရေးဝါဒသဘောတရားနှင့် လှုပ်ရှားမှုများကို လေ့လာဆည်းပူးကြရမယ်။ နိုင်ငံရေးအတွေ့အကြုံများ၊ ဗဟုသုတများကို ရှာဖွေစုဆောင်းကြရမယ်။

နိုင်ငံရေးနိုးကြားမှုအားလုံးရဲ့ အထွတ်အထိပ်ဟာ နိုင်ငံရေးဝါဒ၊ သဘောတရားနှင့် လှုပ်ရှားမှုအထွေထွေတို့ကို ပေါက်မြောက်စွာ နားလည်ခြင်း၊ ပိုင်နိုင်စွာ လက်တွေ့ကျင့်သုံးတတ်ခြင်း၊ ခိုင်မြဲစွာ လက်ခံသဘောပေါက်ခြင်းတို့ကို ဆိုက်ရောက်ရမယ်။

နိုင်ငံရေးဝါဒ၊ နိုင်ငံရေးသဘောတရားနှင့် နိုင်ငံရေးလှုပ်ရှားမှုတို့ကို လေ့လာတဲ့အခါမှာ တွေးခေါ်မြော်မြင်ရေး သဘောတရားတို့ကို

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများမှ စနစ်သစ်တည်ဆောက်မှုအတွေ့အကြုံများ၊ ကမ္ဘာ့နိုင်ငံလှုပ်ရှားမှုများရဲ့ အတိတ်၊ပစ္စုပ္ပန်၊အနာဂတ် အကြောင်းခြင်းရာများ၊ အမှားအမှန် သင်ခန်းစာများကိုလည်းကောင်း မဏ္ဍိုင်ထားကြရလိမ့်မယ်။

ကျောင်းသားလူငယ်တို့ဟာ နိုင်ငံရေးဝါဒကို လေ့လာခြင်းအားဖြင့် လူ့ဘောင်ရဲ့အတိတ်ကိုလည်းကောင်း၊ ပစ္စုပ္ပန်ကိုလည်းကောင်း၊ အနာဂတ်ကိုလည်းကောင်း၊ ကာလသုံးပါးရဲ့ဆက်စပ်မှုကိုလည်းကောင်း ကြည်လင်သန့်ရှင်းစွာ နားလည်လာလိမ့်မယ်။ လူလူချင်း ခေါင်းပုံဖြတ် သွေးစုပ်မှုစနစ်များဖြစ်တဲ့ ကျေးပိုင်ကျွန်ပိုင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်နှင့် အရင်းရှင်စနစ်တို့ဟာ အစွန့်ရှည်တည်တံ့နိုင်သော၊ တည်မြဲနိုင်သော စနစ်များမဟုတ်ကြောင်း၊ မုချ ပျက်ပြားရမည်ဖြစ်ကြောင်း၊ စနစ်သစ်သို့ လူ့ဘောင်တစ်ခုလုံး မုချ ရောက်ရမည်ဖြစ်ကြောင်း သဘောပေါက် ယုံကြည်လာကြလိမ့်မယ်။ လူလူချင်း ခေါင်းပုံဖြတ် သွေးစုပ်သောစနစ်များ၊ လူလူချင်း တန်းမတူမှုများ၊ မတရားညှဉ်းပန်းမှုများ၊ ဝိသမလောဘများ၊ ပုဂ္ဂလိကပစ္စည်း တွယ်တာမှု၊ သက္ကာယမှုများ၊ လောဘ ဒေါသ မောဟ မီးများ ပျောက်ကွယ်ကင်းငြိမ်းပြီး လူတန်းစားကွဲပြားမှုမရှိတဲ့၊ ကာယ ဉာဏ လုပ်အားပိုင်ရှင်အချင်းချင်း ရိုင်းပင်းကူညီကြတဲ့၊ လူတိုင်းအဖို့ မိမိကိုယ်ပိုင် အရည်အချင်းများ ပွားများစေရန်နှင့် ထိုအရည်အချင်းများကို အသုံးပြုနိုင်ရန် အခွင့်အလမ်းပွင့်နေတဲ့၊ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်တဲ့၊ ဗြဟ္မစိုရ်တရားလွှမ်းမိုးတဲ့ လူ့ဘောင်သစ်ကို အကောင်းမြင်ဝါဒဖြင့် မြော်မြင်ရည်မှန်းကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်၊ လုပ်ဖော်ကိုင်ဖက်များကို ယုံကြည်စိတ်၊ အနာဂတ်ကို ယုံကြည်စိတ်တို့နှင့် လုပ်ကိုင်ဆောင်ရွက် သွားတတ်လိမ့်မည်ဖြစ်တယ်။

လူ့သမိုင်းဟာ လုပ်သားပြည်သူတွေရဲ့ အဓိပ္ပာယ်ရှိသော လုပ်ဆောင်ချက်များကြောင့် ပေါ်ထွက်လာတဲ့ရလဒ် ဖြစ်တယ်လို့ ယူဆပြီး လူတိုင်းကို မိမိတစ်ဦးတည်း အကျိုးအတွက်သာမက လူသားတစ်ရပ်လုံး အကျိုးကိုပါ သယ်ပိုးဆောင်ရွက်အောင် တွန်းကန်ပေးတယ်။

ကျောင်းသားလူငယ်တို့ဟာ နိုင်ငံရေးဝါဒများကို လေ့လာခြင်းအားဖြင့် ဓမ္မဓိဋ္ဌာန် ကျသော လောကဒဿန၊ တည်ငြိမ်လေးနက်တဲ့ လောကအမြင် ပညာကို ရလိမ့်မယ်။ သို့ကလို လောကအမြင်ပညာကို ရရှိခြင်းကြောင့် ပတ်ဝန်းကျင်ကမ္ဘာ ဘယ်သို့ဖြစ်ပေါ်လာခဲ့ပုံ၊ ဘယ်သို့ဖြစ်ပေါ်တိုးတက်နေပုံ၊ လူဆိုတာ ဘာလဲ၊ လူ့ရဲ့အသိတရားဆိုတာ ဘာလဲ၊ လူ့အဖွဲ့အစည်းဆိုတာ ဘာလဲ၊ လူ့အဖွဲ့အစည်း ဘယ်လိုဖြစ်ပေါ်လာခဲ့ပြီး ဘယ်လိုဖြစ်ပေါ်တိုးတက်နေသလဲ၊ လူတွေရဲ့ဘဝအခြေအနေကို ပြောင်းလဲနိုင်သလား၊ လူ့အဖွဲ့အစည်းထဲမှာ မိမိနေရာက ဘယ်မှာလဲ၊ မိမိဘဝအခြေအနေကို ပြုပြင်ပြောင်းလဲနိုင်သလား၊ စတဲ့ ပြဿနာများကို ဖြေဆိုနိုင်လိမ့်မယ်။ သို့ဖြင့် လူ့ဘဝဟာ အဓိပ္ပာယ်ရှိလာလိမ့်မယ်။ လူ့ဘဝတန်ဖိုး တက်လာလိမ့်မယ်။

ထိုမှတစ်ဆင့် ကျောင်းသားလူငယ်တို့ ရရှိသော လောကအမြင်ပညာဖြင့် ကျောင်းသားတို့ဟာ လူမှုရေးနှင့် သဘာဝ ဖြစ်ပျက်ရပ်များကို မှန်ကန်စွာ ချဉ်းကပ်တတ်လိမ့်မယ်။ ကျောင်းသားလူငယ်တို့ဟာ ကိုယ်ပိုင်သဘောပေါက်မှု၊ ယုံကြည်မှု တိုးတက်လာပြီး ကိုယ်ပိုင်စိတ်ကူးဉာဏ်များကို ခိုင်မာစွာ ဆုပ်ကိုင်ထားနိုင်လိမ့်မယ်။

နိုင်ငံရေးဝါဒများကို လေ့လာလိုက်စားရင်း ကျောင်းသားလူငယ်တို့ဟာ သဘောတရားနှင့် လက်တွေ့ကို ပေါင်းစပ်တတ်သော

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အလေ့အထရလာလိမ့်မယ်။ စာအုပ်ပါ သဘောတရားကို ခြင့်သုံးသပ်တတ်ကာ ပိုင်နိုင်စွာခံယူပြီး ဘဝလက်တွေ့နှင့် စပ်ဟပ်အသုံးချတတ်လိမ့်မယ်။

စာအုပ်တွေထဲက လေ့လာဖတ်မှတ်ထားတဲ့၊ အရကျက်ထားတဲ့ ဖော်နည်းကားများ၊ အဆိုအမိန့်များ၊ ကောက်နုတ်ချက်များ စသည်တို့ထက် အတွင်းသဘောကို ထိုးထွင်းနားလည်မှုက ပိုမိုအရေးကြီးကြောင်း၊ ဦးနှောက်ထဲမှာ အသိပညာ အစိတ်အပိုင်းအမျိုးမျိုးကို ပြွတ်သိပ်နေအောင် သိုလှောင်ထားခြင်းထက် နက်နဲသော အသိပညာဖြင့် လွတ်လပ်စွာ တွေးခေါ်တတ်ခြင်းကို တန်ဖိုးထားတတ်လိမ့်မယ်။

ဒါကြောင့် ကျောင်းသားလူငယ်တို့ဟာ နိုင်ငံရေးဝါဒ၊ သဘောတရားနှင့် လှုပ်ရှားမှုများကို အပြင်စာအနေနှင့်မဟုတ်ဘဲ အပိုဘာသာအနေနှင့်လဲမဟုတ်ဘဲ မသင်မနေရ သင်ရိုးညွှန်တမ်းအနေနှင့် လေ့လာဆည်းပူး ရှာဖွေစုဆောင်းကြရမည်ဖြစ်တယ်ဗျာ။

ဝ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## လုပ်အားပေးရင်း ပညာယူခြင်း

ယခုအခါ ကျောင်းသားလူငယ်တွေကြားမှာ 'လုပ်အားတန်ဖိုး ချစ်မြတ်နိုး' 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ' စတဲ့ ဆောင်ပုဒ်တွေဟာ အတော်ပျံ့နှံ့နေတယ်။ ကျောင်းအားရက်များမှာလည်းကောင်း၊ ကျောင်းသားလူငယ်တို့ရဲ့ အခြားအားလပ်ချိန်များမှာလည်းကောင်း၊ လုပ်အားပေးအစီအစဉ်များကို လုပ်နေကြတယ်။ ဒါတွေဟာ အင်မတန် သင့်တော်ဆီလျော်တဲ့ အခြင်းအရာ လက္ခဏာတွေဖြစ်ပါတယ်။ သည့်ထက်ပိုပျံ့နှံ့ဖို့၊ သည်ထက်ပိုတွင်ကျယ်စွာလုပ်ကြဖို့သာ လိုပါတယ်။ အလုပ်လုပ်ခြင်းက လူကို ပညာပေးတယ်။ ကျောင်းသားလူငယ်ဟာ လုပ်အားပေးရင်း ပညာယူကြရမယ်။

အချို့သော မနုဿဗေဒပညာရှင်တို့က လူဟာ လက်နက်ကိရိယာကိုင်ဆောင်သော တိရစ္ဆာန်ဖြစ်တယ်လို့ ဝိဂြိုဟ်ပြုကြတယ်။ ယုတ္တိရှိတဲ့ အဆိုအမိန့်ဖြစ်တယ်ဗျ။

အင်သရိုပ္ပိုက်အိပ်ခေါ်တဲ့ မျောက်တစ်မျိုးဘဝကနေပြီး လက်နက်ကိရိယာတစ်ခုကို (အလွန်ရှေးဟောင်းကျတဲ့ များစွာကြမ်း

http://myanmarebooksfree.blogspot.com/



သေးတဲ့ ကျောက်လက်နက် ကိရိယာပင်ဖြစ်ဖြစ်) ကိုင်ပြီး ကုန်ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် လူအဖြစ်သို့ ကူးပြောင်းတော့တာပဲ။ တစ်စုံ တစ်ခုသော ကုန်ထုတ်လက်နက်ကိရိယာကို ကိုင်ဆောင်ပြီး အလုပ် လုပ်ခြင်းဟာ လူ့သမိုင်းအစဖြစ်ပါတယ်။ တိရစ္ဆာန်လောကနှင့် လူ့ လောကကို ကတ္တားခြားပစ်လိုက်တဲ့အကြောင်း အမျိုးမျိုးရှိတဲ့အနက် ပဓာနလက်သည်ဖြစ်တဲ့အကြောင်းဟာ တစ်စုံတစ်ခုသော လက်နက်ကိရိယာကိုကိုင်ပြီး ကုန်ထုတ်လုပ်ခြင်း (ဝါ) အလုပ်လုပ်ခြင်းဖြစ်ပါတယ်။ အလုပ်ဟာ လူ့ဘဝရဲ့အခြေခံဖြစ်ပြီး၊ လူ့သမိုင်းကိုဖန်တီးတယ်။ အလုပ်ဟာ လူ့အဖွဲ့အစည်းမှာ မရှိမဖြစ်တဲ့အရာဖြစ်ပါတယ်။

သမိုင်းဦးခေတ် ကျောက်လက်နက်ကိရိယာမှစပြီး ယခုခေတ်နောက်ဆုံးပေါ် ကုန်ထုတ်ကိရိယာများထိ တိုးတက်လာခြင်းဟာ လူ့အဖွဲ့အစည်းတည်မြဲရေးအတွက် ကုန်ထုတ်လုပ်ရင်း (ဝါ) အလုပ်လုပ်ရင်း တိုးတက်လာခြင်းဖြစ်တယ်။ ကျောက်လက်နက်ကိရိယာကို ကိုင်စွဲအလုပ်လုပ်နိုင်ခြင်းကြောင့် လူသားဟာ သဘာဝကို အောင်နိုင်ရေးလမ်းကြောင်းပေါ်သို့ရောက်လာခဲ့တယ်။ အလုပ်အတွေ့အကြုံတို့ကြောင့် စိတ်ကူးဉာဏ်တွေ တိုးတက်လာတယ်။

အထက်ကတစ်နေရာမှာ ကျွန်တော်ဟာ ကုန်ထုတ်လုပ်ငန်းအတွေ့အကြုံသည်ပင် အသိပညာ အတတ်ပညာဖြစ်ကြောင်း၊ မြင်းကိုပါးချပ်တပ်ပြီး မောင်းနှင်တတ်ခြင်းကြောင့် စတီယာရင်းဘီးကို ကိုင်တတ်လာကြောင်း၊ လေ့ထိုးရင်း ဂျက်အင်အားကို ကြံစည်တီထွင်နိုင်ခဲ့ကြောင်း စသည်ဖြင့် ရေးသားခဲ့ပါတယ်။ ဆိုလိုရင်းကတော့ အသိပညာ၊ အတတ်ပညာ အဝဝရဲ့ ရေသောက်မြစ်ဟာ အလုပ်ဖြစ်တယ်။ ဉာဏ လုပ်အားဖြစ်ဖျားခံရာဟာ ကာယလုပ်အားဖြစ်တယ်။ လူ့အဖွဲ့အစည်း တစ်ခုလုံး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အတွက်ရော၊ လူတစ်ဦးစီအတွက်ပါ ကာယလုပ်အားနှင့် ဉာဏလုပ်အားတို့ဟာ အညမည ကျေးဇူးပြုနေကြတယ်။

သမိုင်းဦးဘုံစနစ်ခေတ်တုန်းက ကာယလုပ်အားနှင့် ဉာဏလုပ်အား ၂ ခုကို ဘယ်သူကမှ ဆန့်ကျင်ဘက် လုပ်မထားကြဘူး။ ကာယလုပ်အားနှင့် ဉာဏလုပ်အားတို့ဟာ သဟဇ ဖြစ်နေခဲ့တယ်။ နောက် ကျေးပိုင် ကျွန်ပိုင်ရှင်၊ ပဒေသရာဇ်မြေပိုင်ရှင်နှင့် အရင်းရှင်လူတန်းစားများ စနစ်များ ပေါ်လာတော့ ကာယလုပ်အားနှင့် ဉာဏလုပ်အားတို့ သဟဇ ဖြစ်မှုကို နှောင့်ယှက်ဖျက်ဆီးကြတယ်။ အုပ်စိုးသူလူတန်းစားဟာ ဉာဏသက်သက်လုပ်သားများဆိုတဲ့ လူနည်းစုကို ပြုစုပျိုးထောင်ပေးပြီး ကာယလုပ်သားများဖြစ်တဲ့ လူများစုကြီးကို ခေါင်းပုံဖြတ် သွေးစုပ်ရာမှာ အသုံးပြုကြတယ်။ ကာယအလုပ်ကို တန်ဖိုးနိမ့်အောင်၊ ဂုဏ်မဲ့အောင်၊ အထင်အမြင်သေးဖြစ်အောင် လုပ်ကြတယ်။ (ဒါမှ ဈေးပေါပေါနှင့် သူတို့ခိုင်းချင်တိုင်း ခိုင်းနိုင်မယ်မဟုတ်ပါလား) ကာယလုပ်သားလူများစုကြီးကလည်း ကိုယ့်ကာယလုပ်အားကို အထင်သေး အမြင်သေး ဖြစ်လာတယ်။ မလွဲသာလို့ အဆင်းရဲအပင်ပန်းခံကာ အလုပ်လုပ်နေရသော်လည်း သိမ်ငယ်နေတော့တယ်။ ခေါင်းပုံဖြတ် သွေးစုပ် လူနေမှုစနစ်များဟာ ကာယနှင့် ဉာဏလုပ်အား ၂ ခုကြားမှာ ဧရာမ တံတိုင်းကြီးတစ်ခုကို ဖန်တီးခဲ့ကြတယ်ဗျာ။

အထက်ပါအတိုင်း ခေါင်းပုံဖြတ် သွေးစုပ်တဲ့ လူတန်းစားများက ကာယလုပ်အားနှင့် ဉာဏလုပ်အားကြားမှာ ဖန်တီးထားကြတဲ့ တံတိုင်းကြီးကို ဖြိုဖျက်လျက်ရှိတယ်။ ကာယလုပ်အားနှင့် ဉာဏလုပ်အား သဟဇဖြစ်မှုကို ပြန်လည်ရယူနေတယ်။ ကာယလုပ်သားနှင့် ဉာဏလုပ်သားကြား ဝိရောဓိ လုံးဝမရှိစေရဘဲ အညမညကျေးဇူးပြုရမယ်။

http://myanmarebooksfree.blogspot.com/



အပြန်အလှန် ရှိသေလေးစားရမယ်။

ပထမအဆင့်မှာ ကာယအလုပ်သမားနှင့် ဉာဏအလုပ်သမားကြားမှာ တာဝန်ခွဲဝေမှု ရှိဦးမယ်။ ကာယလုပ်အားဟာ ပင်ပန်းဆင်းရဲမယ်၊ ဉာဏလုပ်အားက ပေါ့ပါးသက်သာမယ်၊ ကာယလုပ်အားထက် ဉာဏလုပ်အားက ပိုတန်ဖိုးရှိရဦးမယ်။ သို့သော် ဒီအခြင်းအရာဟာ ယာယီသာဖြစ်ရမယ်။ တစ်ဖက်က လုပ်သားထု တစ်ရပ်လုံးဟာ ကာယလုပ်အား ဉာဏလုပ်အားတို့ရဲ့ သဟဇဖြစ်မှု သဘောတရားကို နားလည်သက်ဝင်ယုံကြည်လာရမယ်။ ကာယလုပ်အားမှ မြစ်ဖျားခံပြီး ဉာဏလုပ်အားတိုးတက်လာကြောင်း သဘောပေါက်ပြီး ဉာဏလုပ်သားတို့ဟာ ကာယလုပ်အားကို တန်ဖိုးထားရမယ်။ ဂုဏ်ပြုရမယ်။ အခြားတစ်ဖက်က ကာယလုပ်အားရဲ့ ပင်ပန်းဆင်းရဲမှုကို ပေါ့ပါးသည်ထက် ပေါ့ပါးသွားအောင် စက်ယန္တရားတပ်ဆင်ရမယ်။ ခေတ်မီစက်မှုအတတ်ပညာများ ပြန့်ပွားစေရမယ်။ ကာယအလုပ်သမားသည်ပင် ဉာဏအလုပ်သမား၊ ဉာဏအလုပ်သမားသည်ပင် ကာယအလုပ်သမား တစ်သားတည်းဖြစ်သည်ထိ သဟဇဖြစ်သွားရမယ်။

ကျောင်းသားလူငယ်တွေကို အလုပ်ဟာ လူရဲ့အသက်၊ အလုပ်ဟာ လူ့ဘဝရဲ့အခြေခံ၊ အလုပ်ဟာ လူ့သမိုင်းရဲ့ မောင်းနှင်ရေးအင်အားလို့ နားလည်အောင် လေ့ကျင့်ပေးကြရမယ်။

အလုပ်လုပ်ခြင်းဟာ စေတနာနှင့်လုပ်ခြင်းဖြစ်တယ်။ အတင်းအကြပ်ခိုင်းလို့ လုပ်ခြင်းမဟုတ်ဘူး။ အများကောင်းကျိုးအတွက် လူ့အဖွဲ့အစည်းတစ်ခုလုံး တိုးတက်ရေးအတွက် လူ့သမိုင်းအပေါ် တာဝန်ရှိတဲ့အတွက် အလုပ်လုပ်ခြင်းဖြစ်ရမယ်။ တစ်ကိုယ်ကောင်းအကျိုးစီးပွားအတွက် အလုပ်လုပ်ခြင်း မဖြစ်ရဘူး။

ကျောင်းသားလူငယ်တို့ဟာ လုပ်သားကောင်းများ ဖြစ်လာရမယ်ဆိုရင် အထက်ပါအတိုင်း နားလည်သဘောပေါက်ကြရလိမ့်မယ်။ သို့ကလို နားလည်သဘောပေါက်ကြအောင် ကျောင်းသင်ခန်းစာ ကျက်မှတ်ရုံ၊ အတန်းတက်ရုံ၊ စာဖတ်ရုံနှင့်မရဘူး။ ကုန်ထုတ်လုပ်မှု လုပ်ငန်းခွင်မှာ လက်တွေ့အလုပ်ဝင်လုပ်မှ ရတယ်။ အလုပ်ကသာ လိုအပ်တဲ့ ခေတ်သစ်ပညာကို ပေးနိုင်တယ်။ ကျောင်းသားလူငယ်တို့ဟာ လုပ်အားပေးရင်း ပညာယူကြရမယ်။ ဒါဟာ ခေတ်သစ်ပညာရေးရဲ့ အဓိကမူတရားတစ်ခု ဖြစ်တယ်။ ပညာရှင်တွေ ခေတ်သစ်တည်ဆောက်ရေးမှာ ပါဝင်ကြရ မယ်လို့ ဆိုခြင်းဟာ အလုပ်သမား တောင်သူလယ်သမားနှင့် အခြားသော လုပ်သားပြည်သူများကို အလုပ်အကျွေးပြုရမည်လို့ တောင်းဆိုခြင်းဖြစ်တယ်။

လုပ်သားပြည်သူတွေရဲ့ဘဝအခြေအနေ၊ သူတို့ရဲ့ ထင်မြင်ယူဆချက်၊ သူတို့ရဲ့စိတ်ဆန္ဒ စသည်တို့ကို ပညာရှင်တွေ၊ ပညာရှင်လောင်းတွေ၊ ကျောင်းသားလူငယ်တွေက နားမလည်ရင် သူတို့ကို အလုပ်အကျွေးမပြုနိုင်ဘူး။ စနစ်သစ် မတည်ဆောက်နိုင်ဘူး။ လုပ်သားပြည်သူတွေရဲ့ ကုန်ထုတ်လုပ်မှုဘဝမှာ တစ်နည်းတစ်လမ်းအားဖြင့် မပါဝင် မပတ်သက်ဘဲ ကျောင်းသားလူငယ်တို့ဟာ လုပ်သားပြည်သူတွေရဲ့ ရင်းနှီးမှုကို အပြည့်အဝ မရနိုင်ဘူး။ လုပ်သား ပြည်သူတွေရဲ့ ဘဝအခြေအနေ၊ သူတို့ရဲ့ထင်မြင်ယူဆချက်၊ သူတို့ရဲ့ စိတ်ဆန္ဒ စသည်များကို အပြည့်အဝ နားမလည်နိုင်ဘူး။ ဒါ့ကြောင့် ယနေ့ ကျောင်းသားလူငယ်တို့ရဲ့လှုပ်ရှားမှုများမှာ ကျောင်းသားလူငယ်များကို ပညာပေးလေ့ကျင့်ကြရာမှာ လုပ်အားပေးအစီအစဉ်များဟာ သော့ချက်နေရာကို ယူခြင်းဖြစ်တယ်ဗျာ။

○

## လူကြီးများ၏တာဝန်

ကျောင်းသားလူငယ်များနှင့်ပတ်သက်တဲ့ ယခင်ဆောင်းပါးများမှာ ကျောင်းသားလူငယ်များဟာ နိုင်ငံသစ်တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ကြရလိမ့်မည်ဖြစ်ကြောင်း၊ ထိုတာဝန်များကို ထမ်းဆောင်နိုင်ရန် အသိပညာ၊ အတတ်ပညာများကို အစွမ်းကုန် လေ့လာ၊ ရှာဖွေ၊ စုဆောင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဝါဒသဘောတရားများကိုလည်း သင်ကြားဆည်းပူးရမည်ဖြစ်ကြောင်း၊ လုပ်အားပေးရင်း ပညာယူရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးခဲ့ပါတယ်။ အချုပ်အားဖြင့်ဆိုရရင် ကျောင်းသားလူငယ်တို့ရဲ့တာဝန်ပိုင်းကို ရေးသားခဲ့ခြင်းဖြစ်တယ်ဗျာ။

ယခု ဟျွန်တော် လူကြီးများရဲ့ တာဝန်ပိုင်းကို ဆွေးနွေးလိုပါတယ်။ ကျောင်းသားလူငယ်များအပေါ်မှာ လူကြီးပိုင်းက တာဝန်ကျေပွန်ကြဖို့လိုပါတယ်။

အရေးအကြီးဆုံးအချက်ကတော့ လူကြီးများက လူငယ်များကို

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984
http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ယုံကြည်ကြရန်ဖြစ်ပါတယ်။ မိဘများက သားသမီးများကို ယုံကြည်ရန်၊ ဆရာများက တပည့်များကို ယုံကြည်ရန်၊ အထက်လူကြီးများက အောက်လူငယ်များကို ယုံကြည်ကြရန် ဖြစ်ပါတယ်။

လူကြီးတွေက မကြာခဏပြောတတ်ကြ၊ ရေးတတ်ကြတယ်။ လူငယ်တွေဟာ အနာဂတ်ရဲ့ပိုင်ရှင်တဲ့၊ လူငယ်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ခေါင်းဆောင်တဲ့။ လူငယ်တိုင်း အနာဂတ်မှာ ခေါင်းဆောင်ချည်း ဖြစ်ကြရတော့မလိုလို မြှောက်ကြပင့်ကြပါတယ်။ ယခုတလော ပိုပိုပြောနေကြတယ်။ လူငယ်တွေဟာ အနာဂတ်မှာ ခေါင်းဆောင်ဖြစ်ရမယ်တဲ့။ (အနာဂတ်မှာ နောက်လိုက်မှ ရှိပါတော့မလားလို့ အောက်မေ့ရတယ်)။

သို့ကလို မြှောက်ပင့်ပြောဆိုနေကြသော်လည်း များသောအားဖြင့် လူကြီးတွေဟာ လူငယ်များကို မယုံကြည်ကြပါဘူး။ မိဘတွေဟာ သားသမီးများကို ချစ်ကြပါတယ်။ သို့သော် အချစ်လွန်နေသလို ဖြစ်နေကြပါတယ်။ ကိုယ့်သားကိုယ့်သမီးဟာ ဒီခရီး သွားရဲမယ်လို့ မယုံကြည်ကြဘူး။ ကိုယ့်သားကိုယ့်သမီးဟာ ဒီစွန့်စားမှုကို လုပ်ရဲမယ်လို့ မယုံကြည်ကြဘူး။ ဘယ်ကိစ္စမှာဖြစ်ဖြစ် စိတ်မချတာက စနေတယ်။ များသောအားဖြင့် ဆရာတွေကလည်း တပည့်များကို ထိုနည်းလည်းကောင်း မယုံကြည်ကြဘူး။ အထက်လူကြီးတွေကလည်း အောက်ကလူငယ်တွေကို တာဝန်ပေးရတော့မယ်ဆိုရင် စိတ်မချတာက စကြတယ်။ လူကြီးအများအပြားဟာ လူငယ်တွေက လူကြီးလောက် မတော်ဘူးလို့ ယူဆကာ ခေတ်လူငယ်တွေက ဘာပဲညာပဲနှင့် ရှုတ်ချ ပြောဆိုပြီး တို့ခေတ်တုန်းကဖြင့် ဒီလို ဟုတ်ပေါင်ဗျာဟု ကိုယ့်ခေတ်ကိုသာ ကိုယ် ယုံကြည်နေတတ်

http://myanmarebooksfree.blogspot.com/



ကြတယ်။ ဒီသို့သောလူကြီးတွေရဲ့ သဘောထားများဟာ လူငယ်တို့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု စိတ်ဓာတ်နှင့် ဝိရောဓိ အမြဲဖြစ်နေတယ်။ လူငယ်တွေဟာ အသစ် အင်အားစုဖြစ်တယ်။ အသစ်အင်အားစုဟာ အညွန့်တလူလူနှင့် ဝေဆာနေတယ်။ သူတို့စိတ်ဓာတ်က တက်နေတယ်။ လူငယ်တိုင်း (လူငယ် မပီသသော သိမ်ငယ်နေတဲ့ လက်တစ်ဆုပ်မှ လွဲလို့) ငါ လုပ်နိုင်တယ်၊ ငါ ကိုင်နိုင်တယ်ဆိုတဲ့ ထင်တစ်လုံးစီနှင့် ဖြစ်ကြတယ်။ သဘာဝအားဖြင့် လူငယ်ဟာ လူကြီးထက် ပိုတော်ရတယ်။ ယခုမျိုးဆက်ထက် နောက်မျိုးဆက်က ပိုအစွမ်းထက်ရတယ်။ ဒါ့ကြောင့်လည်း သမိုင်း ဖြစ်ပေါ်တိုးတက်မှုအဝဝရဲ့ နောက်ဆုံးရလဒ်ဟာ တိုးတက်မှုဖြစ်တယ်။ ဒီလိုထင်တစ်လုံးနှင့် ဖြစ်နေတဲ့ လူငယ်သဘာဝ၊ ဒီလို သမိုင်းလိုအင်အရ တိုးတက်နေတဲ့ လူငယ်သဘာဝကို လူကြီးအချို့က အသိအမှတ် ပြုကြမည်ဖြစ်သော်လည်း လူကြီးအများစုဟာ ယုံကြည်သဘောပေါက်ခြင်း မရှိပါဘူး။ လူကြီးတွေဟာ လူငယ်တို့ရဲ့ အဲဒီသဘာဝကို အသိအမှတ် ပြုဦးတော့၊ ယုံကြည်သည်ပဲဆိုဦးတော့ လိုက်လျောညီထွေစွာ မပြုမူ တတ်ကြပါဘူး။ လက်တွေ့အားဖြင့် လူငယ်တွေကို မယုံကြည်ရာသာ ရောက်ပါတယ်။ ဒါ့ကြောင့် လူကြီးဘက်ကစပြီး လူကြီးနှင့်လူငယ်ကြားမှာ ရှိနေတဲ့ ဒီ ဝိရောဓိကို ဖယ်ရှားရပါလိမ့်မယ်။ လူကြီးတွေက လူငယ်တွေကို ယုံကြည်ကြရပါလိမ့်မယ်။ လမ်းစလျှောက်ချင်တဲ့ ကလေးကို လျှောက်ခွင့် ဖန်တီးပေးပြီး လဲရင် ထူပေးရုံသာရှိတယ်။ ကျောင်းသား လူငယ်တို့နှင့် ဆိုင်ရာကိစ္စများစွာမှာ လူကြီးတွေဟာ ဒီလိုပဲ သဘောထားကြရပါလိမ့်မယ်။ လူဆိုတာ အမြဲတမ်း လေးဘက်သွားဖို့မှ မဟုတ်ဘဲ။ လမ်းလျှောက်ဖို့ လူဖြစ်လာတယ်။ လမ်းလျှောက်ရန် ပထမဦးဆုံး

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နိမိတ်ပြလာသည်နှင့် တစ်ပြိုင်နက် လမ်းလျှောက်ရန် ကြိုးစားခွင့်ပေးရမယ်။ လူငယ်ဆိုတာ ရှေ့သို့ တိုးတက်ဖို့ လူငယ်ဖြစ်လာတယ်။ ရှေ့သို့တိုးတက်ဖို့ ခြေလှမ်းပြင်လာသည်နှင့် ခြေလှမ်းရန် ကြိုးစားခွင့်ပေးရမှာပဲ။ ခေတ်သစ်ကို ကြိုဆိုနေတဲ့ လူငယ်တွေဟာ စည်းရုံးလှုပ်ရှားရမည်ဖြစ်တယ်။ ဘဝခရီးကို တစ်ကိုယ်တော်တည်း ချီတက်ရမည့်လူငယ်မဟုတ်ဘူး။ ဒီတော့ လူငယ်တွေက စည်းရုံးလှုပ်ရှားရန် ပထမဆုံးနိမိတ်ပြကတည်းက စည်းရုံးလှုပ်ရှားရန် ကြိုးစားခွင့်ပေးရမှာပဲ။ လူငယ်ကို မယုံကြည်သလိုလို၊ စိတ်မချသလိုလို၊ ကြောက်သလိုလိုလုပ်နေလို့မရဘူး။

ဒါ့ကြောင့် ကျောင်းသားလူငယ်တို့ကို ယုံကြည်စိတ်ချဖို့တာဝန်ဟာ လူကြီးတို့ရဲ့ ပထမဆုံးတာဝန်ဖြစ်ပါတယ်။

လူကြီးတွေဟာ လူငယ်ကျောင်းသားတွေကို အပြုစုခံ၊ အပြုပြင်ခံ၊ ပုံအသွင်းခံ၊ ရုပ်၊ ဝတ္ထု၊ ကမ္ဘပိုင်းအဖြစ်ဖြင့် သဘောထားတတ်ကြတယ်။ ဒီသဘောထားကို ပြောင်းလဲဖို့လိုတယ်။ ကျောင်းသားလူငယ်တို့ဟာ ကိုယ့်ကိုယ်ကိုယ်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လူ့လောကကိုလည်းကောင်း၊ လူ့သမိုင်းကိုလည်းကောင်း ပြုစုပျိုးထောင်နေကြတဲ့၊ ပြုပြင်နေကြတဲ့၊ ပုံသွင်းနေကြတဲ့ အင်အားစုကတ္တားပိုင်းဖြစ်လာကြရမယ်။ ကျောင်းသားလူငယ်တွေက ထိုသို့ကတ္တားပိုင်းအဖြစ်ဖြင့် ပြုစုခြင်း၊ ပျိုးထောင်ခြင်း၊ ပြုပြင်ခြင်း၊ ပုံသွင်းခြင်းလုပ်နေကြရာမှာ လူကြီးတွေက ကူညီပေးရုံပဲ ရှိတယ်။ ဘယ်လိုကူညီကြမည်လဲ။ မိမိလည်း လူငယ်အဖြစ်ဖြင့် ပြုစုပျိုးထောင်ခဲ့စဉ်၊ ပြုပြင်ပုံသွင်းခဲ့စဉ်က အတွေ့အကြုံများစွာ ရရှိခဲ့တယ်။ ထိုအတွေ့အကြုံများကိုလူငယ်များအား ပြောပြခြင်းဖြင့် ကူညီကြရမည်သာဖြစ်တယ်။ လူကြီးက

http://myanmarebooksfree.blogspot.com/



လူငယ်ကို စိတ်သဘောထားမှန်မှန်နှင့် မိမိတို့ရဲ့အတွေ့အကြုံများကိုပြောပြရင် လူငယ်တွေက နားထောင် ကြမည်သာဖြစ်တယ်။ လူငယ်တွေကို မယုံကြည်ခြင်း၊ စိတ်မချခြင်း စတဲ့ မမှန်ကန်တဲ့ သဘောထားဖြင့်ပြောပြရင် လူငယ်တွေက ကောင်းစွာ နားထောင်ကြမယ် မဟုတ်ဘူးဗျ။

လူငယ်တွေကို ကံ ဟု သဘောမထားဘဲ ကတ္တားအဖြစ်ဖြင့်သဘောထားသည်နှင့်တစ်ပြိုင်နက် လူကြီးတွေဟာ လူငယ်တွေကိုအတင်းအကြပ် ကိုင်တွယ်ခြင်းအစား ဖျောင်းဖျခြင်းသာ ပြုလုပ်ရမယ်။ မြည်တွန်တောက်တီးခြင်း၊ ကြိမ်းမောင်းခြင်းအစား အကြံဉာဏ်ပေးခြင်း၊ သင်ခန်းစာပြခြင်း စသည်ဖြင့်သာ ပြုလုပ်ရလိမ့်မယ်။ ကျောင်းသားလူငယ်တို့ကို ပြင်ပ ပယောဂဖြင့် ထိန်းသိမ်း ပဲ့ပြင်ခြင်းထက် သူတို့အချင်းချင်း စုပေါင်းထိန်းသိမ်းခြင်း၊ အမှားမရောက်အောင် သူတို့အချင်းချင်းရိုင်းပင်းကူညီခြင်း စသည်တို့ကို အဓိကထားရလိမ့်မယ်ဗျာ။

နောက်တာဝန်တစ်ရပ်ကတော့ ခေတ်ပြောင်းတော်လှန်ရေးမှာလူငယ်များတည်ဆောက်ရေးတာဝန်ကို ထမ်းဆောင်နိုင်အောင်ကျောင်းသားလူငယ်များ လုပ်အားပေးရင်း ပညာယူနိုင်ကြအောင်လူကြီးများက အခွင့်အရေးများကို ဖန်တီးပေးရန်ဖြစ်ပါတယ်။

အထက်တစ်နေရာမှာ ကျွန်တော်ရေးခဲ့တယ်။ ကျောင်းသားလူငယ်တို့ဟာ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြောင်း၊ အများအကျိုးအတွက်ကိုယ်ကျိုးစွန့်လွှတ်တတ်သောစိတ်ရှိကြောင်း၊ အန္တရာယ်အဝဝ၊ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ရဲသော စွန့်စားစိတ်ရှိကြောင်း ပြသရန် အခွင့်အရေး နည်းနေသေးတယ်။ နိုင်ငံသစ်တည်ဆောက်ရေး လုပ်ငန်းများများများပေါ်လာလေလေ ထိုသို့သော အခွင့်အရေးတွေ များလာလေလေဖြစ်ပါလိမ့်မယ်။ လူကြီးများဟာ နိုင်ငံသစ်တည်ဆောက်ရေးလုပ်ငန်းများ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အတွက် ပန္နက်ချပေးကြရလိမ့်မယ်။ အစပျိုးပေးကြရလိမ့်မယ်။ စီမံကိန်းများ ချမှတ်ပေးကြရလိမ့်မယ်။ ခေတ်မီတိုးတက်သော စက်မှု ထွန်းကားသောနိုင်ငံသစ် တည်ဆောက်ရေး၊ စက်မှုနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ထူထောင်ရေးတို့အတွက် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်း ပစ္စယနှင့် နိုင်ငံရေးစိတ်ဓာတ်ရေး အခြေအနေများကို ဖန်တီးပေး ကြရလိမ့်မယ်။

လူကြီးများဟာ ယနေ့ မိမိတို့ စားသုံးပစ်ဖို့ ဓိမ်ခံဖို့ထက် အနာဂတ်ထူထောင်ရေးနှင့် ကျောင်းသားလူငယ်တို့ ကိုယ်ပိုင်အရည် အသွေးပြရန် အခွင့်အရေးတို့ကို ဦးစားပေးပြီး ကာယ ဉာဏ လုပ်အား အစွမ်းကုန်ထုတ်ကာ အလုပ်ပိုမိုလုပ်ကြရလိမ့်မယ်။ သို့မှသာ ကျောင်း သား လူငယ်တို့ဟာ တည်ဆောက်ရေးလုပ်ငန်းများမှာ ပါဝင်ပြီး မျိုးချစ် ပြည်ချစ်စိတ်၊ ကိုယ်ကျိုးစွန့်လွှတ်စိတ်၊ အန္တရာယ်နှင့် အခက်အခဲ ရင်ဆိုင်ရဲသော စွန့်စားစိတ်တို့ကို ပြသခွင့်ရကြလိမ့်မယ်ဗျာ။

၀

## လူငယ် ကျင့်ဝတ်သိက္ခာ

ယခုတလော ကျောင်းသားလူငယ်အချို့တို့ရဲ့ ကျင့်ဝတ်သိက္ခာပျက်မှုနှင့် ပတ်သက်ပြီး စိုးရိမ်တကြီးပြောဆိုသံ နားလျှံအောင် ကြားနေရတယ်။ ဆံပင်ရှည်ထားခြင်း၊ ဘောင်းဘီဖင်ကြပ်ဝတ်ခြင်း၊ ထဘီ ပေါင်တစ်လုံး ဖော်ဝတ်ခြင်း၊ ဂိုဏ်းဖွဲ့၍ အနိုင်ကျင့်ခြင်း၊ ချိန်းကြိုး၊ လိပ်ကျောက်မြီး စသည်တို့နှင့် ရိုက်နှက်ခြင်း၊ လမ်းမီးရိုက်ခွဲခြင်း၊ လူစုလူဝေးနှင့် သောက်စားမူးယစ်ပျော်ပါးရမ်းကားခြင်း၊ ဖိုမဆက်ဆံရေးစည်းကမ်းမဲ့ လော်လီဖောက်ပြားကြခြင်း၊ ဆေးခြောက်ရှူခြင်း၊ ကျောင်းပြေးခြင်း၊ အာဏာဖီဆန်ခြင်း စသည်ဖြင့် ကျောင်းသားလူငယ်အချို့မှာ ပြစ်ချက် များစွာ ရှိနေတယ်။

ပထမဦးဆုံး ကျွန်တော်တို့ နားလည်ထားကြရမှာကတော့ ဒီပြစ်ချက်များကို ကျောင်းသားလူငယ်အများစုကြီးက မကျူးလွန်ကြ ပါဘူး။ အနည်းစုကသာ ကျူးလွန်နေကြပါတယ်။

သို့သော် အနည်းစုသာ ကျူးလွန်နေတယ်ဆိုပြီး လျစ်လျူရှု

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ထားဖို့မဟုတ်ပါဘူး။ အဆိုပါ ပြစ်ချက်များအပါအဝင်ဖြစ်တဲ့ လမ်းသရဲ ရောဂါဟာ ကူးစက်ပြန့်ပွားတတ်ပါတယ်။ ဒါ့ကြောင့် ပပျောက်အောင် ကုစားဖို့ လိုပါတယ်။ ကြိုတင်ကာကွယ်ဖို့လည်း လိုပါတယ်။

သို့သော် မဲမဲမြင်တိုင်း တဆွေထင်သလို အထက်ပါ ပြစ်ချက်တစ်မျိုးမျိုးကိုမြင်တိုင်း လမ်းသရဲလို့မအော်ဖို့၊ မလှန်ဖို့၊ လှူပ်ခနဲမြင်ရင် ဝါးလုံးရှည်နှင့် ရမ်းရှုတ်ချ နှိပ်နင်းဒဏ်ခတ်ဖို့မကောင်းဘူး။ အရေးကြီးတဲ့ပြစ်ချက်က ဘာ၊ အရေးမကြီးတဲ့ပြစ်ချက်က ဘာဆိုတာ ခွဲခြားဖို့ လိုပါတယ်။ ဘယ်ဒင်းကို ဖျောင်းဖျပြုပြင်မည်လဲ၊ ဘယ်ဒင်းကို အကြမ်းဖက် နှိမ်နင်းမည်လဲ စသည်ဖြင့်လည်း ကတ္တားခြားဖို့လိုပါတယ်။ နှံပြည်စုတ်ကို ဖုံးနှင့် မကြဲမိဖို့လိုပါတယ်။

ဆံပင်ရှည်ရှည်ထားတာ၊ ဘောင်းဘီဖင်ကြပ်ဝတ်တာ၊ ထဘီပေါင်တစ်လုံးဖော်ဝတ်တာ၊ ဒီပြစ်ချက်တွေကို အဓိကထားမည်လား၊ ဂိုဏ်းဖွဲ့ပြီး သူတစ်ပါးကို အနိုင်ကျင့်ခြင်း၊ ဖို–မဆက်ဆံရေး စည်းမဲ့ကမ်းမဲ့ လော်လီဖောက်ပြားခြင်း၊ ကျောင်းပြေးခြင်း စသော ပြစ်ချက်များကို အဓိကထားမည်လား စဉ်းစားကြရပါလိမ့်မယ်။ အဓိကကျတာကို အဓိကထားပြီး ဖြေရှင်းကြရပါလိမ့်မယ်။ ဝတ်စားဆင်ယင်မှုဆိုတာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ထုံးစံဓလေ့နှင့်ဆိုင်သလို လူတစ်ဦးစီရဲ့ ရသာရုံနှင့် ဝါသနာအထုံပေါ်မှာလည်း တည်နေသေးတယ်။ ယနေ့ လူ့အဖွဲ့အစည်းတစ်ခုလုံး ထုံးစံဓလေ့ဟာ ဝတ်လစ်စလစ်နေရေး မဟုတ်ဘူး။ ရာသီဥတုကို ကာကွယ်ရေးနှင့် ဟိရိသြတ္တပ္ပကို စောင့်ထိန်းရေးအတွက် ဝတ်စားဆင်ယင်ကြရတယ်။ ဒါ့ကြောင့် လူတွေဟာ ဝတ်စားဆင်ယင်ကြလျှင် တော်ပြီ။ ဝတ်လစ် စလစ်နေလျှင်တော့ တားမြစ်

http://myanmarebooksfree.blogspot.com/



ပိတ်ပင် ချိုးနှိမ်ကြရလိမ့်မယ်။

သို့သော် တစ်ဦးစီ တစ်ဦးစီရဲ့ ရသာရုံနှင့် ဝါသနာအထုံကိုတော့ ဝတ်စားဆင်ယင်မှုမှာ ထည့်ပြီးတွက်ရလိမ့်မယ်။ လိုက်လျောမှု ပြုသင့်သလောက် ပြုရလိမ့်မယ်။ ရင်ဘတ်ကြယ်သီးမတပ်တာနှင့် ဘောင်းဘီဖင်ကြပ်ဝတ်တာနှင့်၊ လုံချည်ချက် ဖော်ဝတ်တာနှင့် ထဘီပေါင်တစ်လုံးဖော်ဝတ်တာနှင့် လမ်းသရဲရယ်လို့ ပြစ်တင်မောင်းမဲခြင်း၊ ကန့်ကွက်တားဆီးခြင်း မပြုသင့်ပါဘူး။ တိုက်ပွဲကြီးတစ်ရပ်အနေနှင့် မဆင်နွှဲသင့်ပါဘူး၊ ပြောချင်လျှင် "ဟဲ့ ရင်ဘတ်ကြယ်သီးတပ်ထား အအေးမိလိမ့်မယ်" "ဟဲ့ ဒီနေရာနှင့် ဘောင်းဘီဖင်ကြပ် မဆီမလျော် မသင့်တော်ပါဘူး" စသည်ဖြင့်လောက်သာ ပြောသင့် အကြံပေးသင့်ပါတယ်။

တကယ်ကတော့ ဆင်ယင်ထုံးဖွဲ့မှုကို ကိုယ့်အကြိုက်နှင့် မတွေ့တိုင်း ရှုတ်ချခြင်း၊ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်းလုပ်လို့ မအောင်မြင်ခဲ့ကြောင်း သမိုင်းက သက်သေထူနေပါတယ်။ ဒါ့ကြောင့်လည်း အင်းဝခေတ်မှာ ဆင်ယင်ထုံးဖွဲ့မှု ဘယ်နှမျိုး၊ တော်လှန်ရေးအစိုးရလက်ထက်မှာ ဆင်ယင်ထုံးဖွဲ့မှု ဘယ်နှမျိုး စသည်ဖြင့် ပေါ်ခဲ့ ပေါ်ဆဲ ဖြစ်ပါတယ်။

သို့သော် တစ်ပြေးညီဖြစ်အပ်သော အဖွဲ့အစည်းတို့ရဲ့ စည်းကမ်းစည်းမျဉ်းရှုထောင့်မှဖြစ်စေ၊ ချွေတာရေးရှုထောင့်မှဖြစ်စေ၊ ဝတ်စားဆင်ယင်မှုဆိုင်ရာ ပညတ်ချက်များကို ပြုလုပ်နိုင်ပါတယ်။ စစ်သည်တော်တွေ ကာကီဝတ်ခြင်း၊ ကျောင်းသားတွေ လုံချည်စိမ်းဝတ်ခြင်း၊ အလုပ်သမားတွေ ဘောင်းဘီပြာဝတ်ခြင်း စသည်တို့ဖြစ်ပါတယ်။ ဒီပညတ်ချက်မျိုးကိုသာ အဓိကထားသင့်ပါတယ်။ ညီညွတ်ရေးစိတ်ဓာတ် တက်နေတဲ့အခါမှာ ကျောင်းသားတွေ ကတုံး တုံးထားကြလို့ ပညတ်ရင်တောင် မခဲယဉ်းပါဘူး။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နောက်တစ်ချက်ကတော့ လူကြီးတွေဟာ လူငယ်တွေကို ဟိုဟာမလုပ်နှင့် သည်ဟာမလုပ်နှင့် စသည်ဖြင့် တားမြစ်ရုံ၊ ပိတ်ပင်ရုံနှင့် ရပ်မနေသင့်ပါဘူး။ ဟိုဟာအစား သည်ဟာလုပ်ဆိုတဲ့ ထွက်ပေါက်မျိုးလည်း ပေးရမယ်။ လူငယ်တွေဟာ တက်ကြွတယ်။ နိုးကြားတယ်။ စိတ်အားထက်သန်မှုနှင့် မြူးကြွမှုဟာ သူတို့ရဲ့အရင်းခံသဘာဝပဲ။ အတောင်အလက်စုံတော့ ပျံချင်တာပဲ။ ဒီအချိန်မယ် လူကြီးတွေက မပျံပါနှင့်လို့ ပိတ်ထားရင် လူကြီးနှင့် လူငယ် ဝိရောဓိဖြစ်တော့တာပဲ။ ဥပမာ လူငယ်ဖြစ်သူက မိုးဦးကျ ဖားထွက်ရိုက်ချင်တယ်။ လူကြီးက မြွေပါးကင်းပါး စိုးရိမ်ရတယ်ဆိုပြီး မလုပ်ရဘူးလို့ ပိတ်ရုံသာ ပိတ်ထားရင် အဲဒီလူငယ်ဟာ ဆူးလေဘုရားလမ်းက လမ်းမီးတွေကို လိုက်ရိုက်ချင် ရိုက်မယ်။ မဟုတ်တာ လုပ်တတ်တာပဲ။ ဒီတော့ မတော်တာ မလုပ်စေချင်ရင် တော်တာလုပ်နိုင်ဖို့ အပေါက် ဖွင့်ပေးထားရမယ်။ လူငယ်တွေရဲ့ ရင်ထဲမှာ စိတ်အားထက်သန်မှုနှင့် မြူးကြွမှု အပြည့်ရှိတယ်။ အခါခပ်သိမ်း ဒါတွေ ချုပ်တီးထားရရင် ရေကို အပြည့် လှောင်ထားတဲ့ တာတမံနှင့်တူတယ်။ ရေလွှဲပေါက် ပေးမထားရင် တာရိုးကျိုးပြီး တရဟော စီးဆင်းတတ်တယ်။ ဒီတော့ အခါအားလျော်စွာ ခုန်ပေါက်မြူးထူး နိုင်အောင် ဟစ်ကြွေးမြူးထူးနိုင်အောင် အခွင့်အလမ်း ဖော်ပေးရမယ်။ မြူးထူးတက်ကြွတဲ့ အတီး၊ အဆို၊ အကများကို အမျိုးသားယဉ်ကျေးမှု အနုပညာစည်းကမ်းများနှင့်အညီ တီထွင်ဖန်တီး မပေးနိုင်ရင် နိုင်ငံခြားမှ လာတဲ့ ရော့အင်ရိုးလ်လို အရူးချီးပန်း အကမျိုးကို ယူပြီး ကကြမှာပဲ။ အနုပညာအဆင့်အတန်းမရှိတဲ့ သီချင်းတွေကို သံသေးသံကြောင်နှင့် အော်ဆိုနေကြမှာပဲ။ ဘီတဲလ်တို့၊ ဘိတ်နစ်တို့ ခေတ်စားနေမှာပဲ။ အဲဒီကနေပြီး လူငယ့်ကျင့်ဝတ်သိက္ခာ

http://myanmarebooksfree.blogspot.com/



များကို ချိုးဖောက်မှုတွေ အမျိုးမျိုး ပေါ်နေမှာပဲ။ အဲဒီကနေ လမ်းသရဲတွေကို မွေးထုတ်နေမှာပဲ။

သို့သော် ကျောင်းသားလူငယ်တို့ရဲ့ ကျင့်ဝတ်သိက္ခာ မြှင့်တင်ရေးနှင့် လမ်းသရဲပြဿနာဖြေရှင်းရေးအတွက် အရေးအကြီးဆုံးအချက်ကတော့ မှန်ကန်သော လူငယ်လုပ်ငန်းစဉ်တစ်ရပ်အတွက် စည်းရုံးလှုပ်ရှားခြင်း ဖြစ်ပါတယ်။ လူကြီးတွေက ရှင်းပေးထားသော တည်ဆောက်ရေးနေရာပေါ်မှာ ချပေးသော ပန္နက်အတိုင်း နိုင်ငံသစ်၊ စနစ်သစ် တည်ဆောက်ရေး၊ သို့ကလို တည်ဆောက်ရေးကို လုပ်နိုင်အောင်၊ အတတ်ပညာ အသိပညာများ လေ့လာသင်ကြားရေး၊ နိုင်ငံရေးဝါဒ၊ လမ်းစဉ်နှင့် ဗဟုသုတတို့ကို လေ့လာဆည်းပူး စုဆောင်းရှာဖွေရေး၊ လုပ်အား ပေးရင်း ပညာယူရေး၊ ဗလငါးတန် ပြည့်စုံအောင် လေ့ကျင့်ရေး၊ နိုင်ငံတကာ အတွေ့အကြုံများကို လေ့လာရေး စသည်တို့ဟာ ယေဘုယျအားဖြင့် လူငယ်လုပ်ငန်းစဉ်ဖြစ်သင့်ပါတယ်။ ထိုလမ်းစဉ်ကို ရုပ်လုံးဖော်ရန် ကျောင်းသားလူငယ်တို့ကို ပုံသဏ္ဍာန် အမျိုးမျိုးနှင့် ဖွဲ့စည်းပေးရန်နှင့် လှုပ်ရှားစေရန်ဖြစ်ပါတယ်။ လူငယ် နိုင်ငံရေးအဖွဲ့များ သာမက ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အနုပညာ၊ စာပေကလပ်များ ဖွဲ့စည်းသင့်ပါတယ်။ တည်ဆောက်ရေး လုပ်ငန်းတိုင်းမှာ ပရိဂျက်တိုင်းမှာ လူငယ် လုပ်သားတပ်ဖွဲ့များ ဖွဲ့ပေးသင့်ပါတယ်။ သို့ကလို လူငယ်လုပ်ငန်းစဉ် တစ်ရပ်အတွက် ကျောင်းသားလူငယ်များ စည်းရုံးလှုပ်ရှားနိုင်ကြမှသာ လူငယ့်ကျင့်ဝတ် သိက္ခာ မြင့်မားလာပြီး လမ်းသရဲရောဂါ ကူးစက်မှုအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်တယ်ဗျာ။

လူငယ်တွေဟာ တိုင်းပြည် လုပ်သားကောင်းများဖြစ်လာကြရမယ်။ နိုင်ငံရေးလမ်းမှန်ရမယ်။ ကျင့်ဝတ်သိက္ခာရှိရမယ်။

ကျင့်ဝတ်သိက္ခာဆိုတဲ့စကားကို ကိုယ်ပိုင် အကျင့်စာရိတ္တနှင့် အများနှင့်ဆိုင်တဲ့ အကျင့်စာရိတ္တတို့ အကျုံးဝင်အောင် သုံးလိုက်ခြင်း ဖြစ်ပါတယ်။

အကျင့်စာရိတ္တ၊ အကျင့်သီလ သို့မဟုတ် ကျင့်ဝတ်သိက္ခာ အကြောင်းကို စဉ်းစားတဲ့အခါမှာ တရားကိုယ်သတ်သတ်အဖြစ်ဖြင့် ထားပြီး စဉ်းစားလို့မရဘူးဗျ။ ကာလဒေသမရွေး ပတ်ဝန်းကျင် အဆက် အစပ်မရှိသူချည်းမှန်နေတဲ့ တရားအဖြစ်ဖြင့် စဉ်းစားလို့မရဘူး။ ကျား အတွက် မှန်တဲ့ အကျင့်စာရိတ္တဟာ သမင်အတွက်မှန်တဲ့ အကျင့်စာရိတ္တ မဟုတ်ဘူး။ ထိုနည်းလည်းကောင်းပဲ မြေရှင် အရင်းရှင် ခေါင်းပုံဖြတ် လူတန်းစားအတွက် မှန်တဲ့ အကျင့်စာရိတ္တဟာ တောင်သူလယ်သမား နှင့် အလုပ်သမားလူတန်းစားတို့အတွက် အခါခပ်သိမ်း မှန်တာ မဟုတ်ဘူး။ လူ့သမိုင်းတစ်ခေတ်တုန်းက မှန်ခဲ့တဲ့ အကျင့်စာရိတ္တဟာ အခြားတစ်ခေတ်ကျတော့ မှန်ချင်မှမှန်မယ်ဗျ။

ကျားအတွက် သတ်ခြင်းဖြတ်ခြင်း၊ အသားစားခြင်းဟာ မှန်ကန်တဲ့ အကျင့်စာရိတ္တဖြစ်တယ်။ သမင်အတွက် ဒီအကျင့်စာရိတ္တ ဟာ မမှန်ဘူး။

ခေါင်းပုံဖြတ်လူတန်းစားအတွက် ဆီရှားချိန် ဆီဈေးတိုးယူ၊ အမြတ်ထုတ်နိုင်သမျှ ထုတ်ခြင်းဟာ မှန်ကန်တဲ့ အကျင့်စာရိတ္တ ဖြစ်တယ်။ သို့သော် စားသုံးသူ လုပ်သားပြည်သူတို့အတွက် ဒီအကျင့် စာရိတ္တဟာ မမှန်ကန်ဘူး။

အရင်းရှင်စနစ်အောက်မှာ အရင်းရှင်ခေါင်းပုံဖြတ်လူတန်းစား အတွက် အချင်းချင်း ယှဉ်ပြိုင်ခြင်း၊ ခွက်စောင်းခုတ်ခြင်း၊ ယှဉ်ပြိုင် ရာမှာ အနိုင်ရအောင် မဖြစ် ဖြစ်သည့်နည်းကို သုံးခြင်း၊ အလုပ်သမား

http://myanmarebooksfree.blogspot.com/

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



များကို အစွမ်းကုန် သွေးစုပ်ခြင်း၊ အမြတ်ရရေးအတွက် ဘယ်သူ သေသေ ငတေမာရင်ပြီးရောသဘောနှင့် ပြုမူဆောင်ရွက်ခြင်း၊ အမြတ် ရရေးအတွက် မှောင်ခိုခြင်း၊ တစ်ကိုယ်ကောင်းအကျိုးစီးပွားအတွက် အများအကျိုး နစ်နာဆုံးရှုံးစေခြင်း စသည်တို့ဟာ မှန်ကန်တဲ့ ကျင့်ဝတ် သိက္ခာများ ဖြစ်တယ်။

ဆိုရှယ်လစ်စနစ်အောက်မှာ လူလူချင်းချင်း ဆက်ဆံရေး အခြေအနေ ပြောင်းသွားတယ်။ အရင်းရှင် မြေရှင်လူတန်းစားများကို ဖျက်သိမ်းလိုက်တယ်။ ကုန်ထုတ်လုပ်မှု အရင်းအနှီး လက်နက် ကိရိယာများကို ပြည်သူပိုင် လုပ်လိုက်တယ်။ အလုပ်သမားတွေက ကုန်ထုတ် ကိရိယာတွေကို ဘုံပိုင်ပြီး စုပေါင်းလုပ်ကိုင်ကြရတယ်။ ကာယဉာဏ လုပ်အားစိုက်ထုတ် အလုပ်လုပ်သလောက် ဝေခွဲယူ ကြရတယ်။ စုပေါင်း လုပ်ရင်း အချင်းချင်း ရိုင်းပင်းကူညီရတယ်။ ဆိုရှယ်လစ်လုပ်အားပြိုင်ခြင်းဟာ ပဋိပက္ခလုံးဝမရှိတဲ့ ယှဉ်ပြိုင်မှု ဖြစ်တယ်။ စုပေါင်းဆောင်ရွက်ခြင်း၊ အချင်းချင်း ရိုင်းပင်းကူညီခြင်း အများအကျိုးဆောင် ကိုယ်ကျိုး အောင် ဆိုတဲ့မူအရ အများအကျိုးကို ဦးစားပေးတတ်ခြင်း စသည်တို့ဟာ မှန်ကန်သော ကျင့်ဝတ်သိက္ခာများ ဖြစ်တယ်။

အရင်းရှင်စနစ်အောက်မှာ ပုဂ္ဂလိကပိုင်ပစ္စည်းကို ထိပါးခြင်း ဟာ အကြီးဆုံးသော အကျင့်သီလပျက်မှုဖြစ်တယ်။ ဆိုရှယ်လစ်စနစ် အောက်မှာ ပြည်သူပိုင်(ဘုံပိုင်)ပစ္စည်းကို ထိပါးခြင်းဟာ အကြီးဆုံးသော အကျင့်သီလပျက်မှုဖြစ်တယ်။

လူ့သမိုင်းတစ်ခေတ်တုန်းက မိန်းမလုပ်သူက ယောကျ်ား အများကြီးယူထားခြင်းဟာ မှန်ကန်သော ကျင့်ဝတ်သိက္ခာ ဖြစ်ခဲ့ဖူးတယ်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နောက်တစ်ခေတ်ကျတော့ ယောက်ျားလုပ်သူက မိန်းမအများကြီး ယူထားခြင်းဟာ မှန်ကန်သော ကျင့်ဝတ်သိက္ခာဖြစ်တယ်။ ယခုခေတ်ကျတော့ တစ်လင်တစ်မယားစနစ်သာ မှန်ကန်သော ကျင့်ဝတ်သိက္ခာဖြစ်တယ်။ ဒါ့ကြောင့် ကျင့်ဝတ်သိက္ခာကိစ္စကို လူတန်းစားအမြင်ဖြင့် ချဉ်းကပ်တတ်ရမယ်။ ပတ်ဝန်းကျင်နှင့်ကပ်ပြီး စဉ်းစားရမယ်။ ကာလ ဒေသအခြေအနေနှင့် ယှဉ်ပြိုင်ဝေဖန် ကျင့်သုံးကြရမယ်ဗျာ။

ကျောင်းသားလူငယ်တို့ဟာ အရေးတော်တွင် ယုံကြည်မှုရှိရမယ်။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး၊ နိုင်ငံသစ် စနစ် တည်ဆောက်ရေး၊ အတတ်ပညာ အသိပညာနှင့် နိုင်ငံရေးဝါဒ လမ်းစဉ်ကို လေ့လာသင်ကြားရသော၊ လုပ်အားပေးရင်း ပညာယူရသော၊ စနစ်သစ် ပညာရေးစသည်တို့ အကျုံးဝင်သော အရေးတော်မှာ ယုံကြည်သက်ဝင်မှုကို ဆိုလိုပါတယ်။ ကျောင်းသားလူငယ်တို့ဟာ ထိုယုံကြည် သက်ဝင်မှုအတွက် ဉာဏ်အား လုံ့လအား အစွမ်းကုန်ထုတ်ပြီး အလုပ် လုပ်ကြရင်း အတတ်နိုင်ဆုံး စွန့်လွှတ်မှု၊ အတတ်နိုင်ဆုံး စွန့်စားမှု ပြုကြရင် အမြင့်မားဆုံး ကျင့်ဝတ်သိက္ခာဖြစ်ပေါ်လာမှာပါပဲ။ ထိုယုံကြည် သက်ဝင်မှုအတွက် ကျောင်းသားလူငယ်တို့ဟာ စည်းရုံး လှုပ်ရှားကြမယ်ဆိုရင် စည်းကမ်း ထိန်းသိမ်းမှု အောင်မြင်လာမှာပဲ။ စည်းကမ်း ထိန်းမှုဆိုတာ အမိန့်နှင့် အာဏာနှင့် အကြပ်ကိုင်ခြိမ်းခြောက်ပြီး ထိန်းသိမ်းရခြင်းမဟုတ်ပါဘူး။ လုပ်သားပြည်သူတို့ ကိုယ်တိုင်က အသိနှင့် ပါဝင်ထိန်းသိမ်းရမည့် စည်းကမ်းများသာ ဖြစ်ရပါတယ်။ ယနေ့ ကျောင်းသားလူငယ်တို့အတွက် စည်းကမ်းထိန်းသိမ်းခြင်းဟာလည်း အမိန့်နှင့် အာဏာနှင့် အကြပ်ကိုင် ခြိမ်းခြောက် ထိန်းသိမ်းခြင်း မဖြစ်ရပါဘူး။ ကျောင်းသားလူငယ်များ ကိုယ်တိုင်က အသိနှင့် ပါဝင်ထိန်းသိမ်းတဲ့ စည်းကမ်းများ ဖြစ်ရပါမယ်။





ယနေ့ ကျောင်းသားလူငယ်တို့ရဲ့အသိဆိုတာ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း အရေးတော်မှာ ယုံကြည်သက်ဝင်မှုကို အခြေခံတဲ့ နိုးကြားတက်ကြွသော အသိဖြစ်ရပါမယ်။

ယနေ့ ကျောင်းသားလူငယ်တို့ဟာ နိုးကြားတက်ကြွသော အသိနှင့် အရေးတော်အောင်ရေးအတွက် ဆောင်ရွက်ကြသည်နှင့်အမျှ၊ စည်းရုံးလှုပ်ရှားကြသည်နှင့်အမျှ လူငယ်ကျင့်ဝတ်သိက္ခာ ပျက်စီးယိုယွင်းမှုတွေ၊ လမ်းသရဲပြဿနာတွေကို ဖြေရှင်းနိုင်ပြီး လူငယ်ကျင့်ဝတ်သိက္ခာ ကြီးမားလာမယ်၊ ကျောင်းသားလူငယ် စည်းကမ်းထိန်းသိမ်းမှု တိုးတက်လာမယ်ဗျာ။

ကျောင်းသားလူငယ်များရဲ့ ကျင့်ဝတ်သိက္ခာ မြင့်မားလာမှလည်း၊ ကျောင်းသားလူငယ်များရဲ့ စည်းကမ်းထိန်းသိမ်းမှုအောင်မြင်မှလည်း မြန်မာနိုင်ငံရဲ့အနာဂတ်ဟာ ထွန်းတောက်မယ်။ မြန်မာနိုင်ငံ ပြည်ထောင်စုဘွား လုပ်သားပြည်သူတို့ရဲ့ တိုးတက်ရေးဟာ သေချာမယ်။ ခေတ်မီ တိုးတက်သော၊ စက်မှုထွန်းကားသော၊ ကောက်ပဲသီးနှံ ဆန်ရေစပါး ပေါများသော၊ ဒီမိုကရေစီထွန်းကားသော၊ ပြည်သူလူထု ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဓွန့်ရှည်မည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြရင်း ကျောင်းသားလူငယ်အချိန်၊ ကျောင်းသားလူငယ်ရာသီနှင့် ကျောင်းသား လူငယ်ပွဲတော်တို့ကို ကြိုဆိုလိုက်ရကြောင်းပါဗျာ။

**သိန်းဖေမြင့်**

[၁၁ – ၁၁ – ၇၀ မှ ၂၀ – ၁၁ – ၇၀ နေ့ထိ
ဗိုလ်တထောင်သတင်းစာပါ ဆောင်းပါးများဖြစ်ပါသည်။]